မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၈၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘားအံခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မော်လမြိုင်စက်မှုဇုန်သို့ လှည့်လည်ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘားအံမြို့နယ် တရုတ်လုစံပြကျေးရွာ၌ ကျင်းပသော နွေစပါးမြေသြဇာကြဲပက်ပွဲ အခမ်းအနားတွင် ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၄

ကရင်ပြည်နယ် ဘားအံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မေ ၁ ရက် နံနက် ၇ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ မဲဘောင်ကျောင်းတိုက်သို့သွားရောက်၍ နိုင်ငံတော် သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဲဘောင်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးတို့က ဇွဲကပင်တောင်ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တကဝိဇနှင့် စာချဆရာတော် ဘဒ္ဒန္တခေမိန္ဒတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

နှစ် (၇၀)ပြည့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

နိုင်ငံတိုင်းတွင် နိုင်ငံ့ဝန်ထမ်းများရှိကြသကဲ့သို့ အဆိုပါ နိုင်ငံ့ဝန်ထမ်းများကို ရွေးချယ်ခန့်ထားလေ့ကျင့်ပေးသည့် အဖွဲ့အစည်းများလည်း ရှိကြပါသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဖွဲ့စည်းမှု၊ တာဝန်ခွဲဝေ ပေးအပ်မှု မတူညီကြသော်လည်း ဝန်ထမ်းရေးရာကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ရသည့် အဖွဲ့အစည်းများ သီးခြားတည်ရှိကြပုံမှာ အတူတူပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံ့ဝန်ထမ်းများကို ရွေးချယ်ပေးသည့် အဖွဲ့အစည်းများ၊ လေ့ကျင့်ပေးသည့် အဖွဲ့အစည်းများရှိခဲ့ရာ မျက်မှောက်ကာလတွင် ရွေးချယ်ရေးနှင့်လေ့ကျင့်ရေးတာဝန်ကိုပါ ထမ်းရွက်ရသော "ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့" ကို ဥပဒေနှင့်အညီ ဖွဲ့စည်းထားရှိ ဆောင်ရွက်လျက်ရှိပါသည်။

မောင်သံငြိမ်း၏ဆောင်းပါး(စာ - ၄၊၅)

မြန်မာ့အလင်း

သတင်း၊ ဆောင်းပါး အညွှန်း

တရုတ်နိုင်ငံမှ လကမ္ဘာသို့ စေလွှတ်မည့် ပထမဆုံး လူလိုက်ပါခြင်း မရှိသည့် အာကာသယာဉ်ကို ၂၀၁၂ ခုနှစ်တွင် လွှတ်တင်မည်ဖြစ်သည်။

နိုင်ငံတကာသတင်း(စာ - ၁၀)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၇ ခုနှစ်၊ ဧပြီလ ၅ ရက်)

နယ်စပ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး တိုင်းရင်းသားပြည်သူများ ပူးပေါင်းဆောင်ရွက်

နယ်စပ်ဒေသ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရေးအတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်က ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။

နယ်စပ်ဒေသများ၌ အခြေခံအဆောက်အအုံများ တိုးမြှင့်တည်ဆောက်ပေးရင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဖြည့်ဆည်း ပေးလျက်ရှိသဖြင့် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေး လုပ်ငန်းများ မြင့်မားလာလျက်ရှိသည်။

လမ်းပန်းဆက်သွယ်ရေးသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသဖြင့် နယ်စပ် ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၅၁၉၉၄ သန်းကျော် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့သည်။ လမ်း၊ တံတားများကို ဦးစားပေး တည်ဆောက်ပေးခဲ့ပြီး မြေသားလမ်း ၃၄၃၆ မိုင်၊ ကျောက်ခင်းလမ်း ၂၃၀၁ မိုင်၊ ကတ္တရာလမ်း ၃၉၄ မိုင်၊ တံတားကြီး၊ တံတားငယ်အပြင် ကြိုးတံတားပေါင်းများစွာ တည်ဆောက် ဖောက်လုပ်ပေးခဲ့သည်။

လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ နယ်စပ်ဒေသနှင့် အခြားဒေသများရှိ တိုင်းရင်းသားများအချင်းချင်း ရင်းနှီးချစ်ကြည်ပြီး ကုန်စည်ကူးသန်းရောင်းဝယ် ဖောက်ကားမှု ပိုမိုတိုးပွားစေခဲ့သည်။

နယ်စပ်ဒေသများ ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှုကြောင့်ပင် ဖြစ်သည်။ နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် အခြေခံပညာကျောင်းများ တိုးမြှင့်ဖွင့်လှစ်ပေးသည့်အပြင် အဆင့်မြင့်ပညာသင်ယူနိုင်စေရန် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုကိုလည်း ဖွင့်လှစ်ပေးထားရှိသည်။

သို့ဖြစ်ရာ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသား ပြည်သူများက အင်တိုက်အားတိုက် ပူးပေါင်းလက်တွဲ ဆောင်ရွက်ခြင်းဖြင့် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ် (၉)ရပ်ကွက် သစ္စာလမ်း အမှတ် ၃၂၈ နေ ဦးသိန်းဇံ-ဒေါ်ခင်မျိုးချစ် (၆၀ ပြည့် မွေးနေ့) မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် တစ်သိန်းကို ဒွိပိဋကဆရာတော် ဘဒ္ဒန္တဇဋိလထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အောက်ခြေမှ ကျောက်အလွှာလိုက် လိုအပ်သည့်ထုအထိ ခင်းကြိတ် ကျောက်လမ်းမှ ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်

နေပြည်တော် ဧပြီ ၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းက မြောင်းမြမြို့မှ ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြလမ်းပိုင်းရှိ ပုသိမ်ခရိုင် ကံကြီးဒေါင့် မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော ပုသိမ်- ကံကုန်း-မြင်းကဆိပ်-မြောင်းမြလမ်း မိုင်တိုင် ၁၇ မိုင် ၅ ဖာလုံနှင့် ၁၇ မိုင် ၆ ဖာလုံကြား၌ ကျောက်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးရာ ပုသိမ်ခရိုင် အင်ဂျင်နီယာမှူး ဦးမြင့်သိန်းက ကျောက်အလွှာလိုက် ခင်းကြိတ်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ဝန်ကြီးက တန် ၄၀ ခံနိုင်အောင် အောက်ခြေမှစ၍ ကျောက်အလွှာလိုက် လိုအပ်သည့် ထုအထိ ခင်းကြိတ်ရန်၊ ကျောက်လမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ရှင်းလင်းတင်ပြ

ယင်းမှတစ်ဆင့် ဝန်ကြီးသည် ပုသိမ်-မုံရွာလမ်း၊ ပုသိမ်-ကံကလေးလမ်းပိုင်း၌ ပုသိမ်ခရိုင် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းနှင့် လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၁၆)တို့ ဆောင်ရွက်လျက်ရှိသော ကတ္တရာလမ်း အထူးပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးရာ ခရိုင်အင်ဂျင်နီယာမှူးနှင့် လမ်းအထူးအဖွဲ့(၁၆)အင်ဂျင်နီယာမှူးတို့က လုပ်ငန်းများဆောင်ရွက် ပြီးစီးမှုတို့ကို လမ်းအပိုင်းလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက မိုးမကျမီ ကတ္တရာလုပ်ငန်းကို အပြီးဆောင်ရွက်ထားရန် ကတ္တရာစွဲကပ်လွှာတွင် ရေရော ကတ္တရာကို အသုံးပြုရန်၊ ကျောက်အမျိုးအစားကောင်းနှင့် အရွယ်စုံသုံးရန်တို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၅-၄-၂၀၀၇
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၃၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၅:၃၅ ၉။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅:၄၀ ၁၀။ ခါသကြိန် အဆိုအကများ
- ၅:၅၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ခါသကြိန် အဆိုအကများ
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၆:၄၅ ၁၇။ လှုပ်လှုပ်ရှားရှား ပုံရိပ်များ
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မေတ္တာစမ်းရေ** (အပိုင်း-၄)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ ကုန်သွယ်သုတ
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီး** (ဒုတိယတွဲ) (အပိုင်း-၃၃)

ဆရာဝန်အသင်း ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၈ရက် နံနက်၆နာရီတွင် မြန်မာနိုင်ငံဂေါက်ကွင်း(၉)မိုင်၌ ကျင်းပမည် ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိဘများနှင့် ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးအေးကျော်တို့အား ရည်စူး၍ အမှတ်၅၁၊ ၈၈လမ်း ကန်တော်က လေးမင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ခင်မြမြသွင်၊ သား ကိုကျော်ဦးမော်၊ သမီး မကျော့ကျော့စံ၊ မြေးမေဘရဏီကျော်၊ မေစန္ဒီမော် မိသားစုက ဇဗ္ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင်က လက်ခံယူစဉ်။ (က-ပ)

ကေတုမာလာ ရိပ်သာ အထူးတရားပွဲ

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ကေတုမာလာရိပ်သာ သုမင်္ဂလာလမ်းတွင် ပထမအကြိမ် နိဗ္ဗာန်ရောက်ကြောင်း အထူးတရားပွဲများ ကျင်းပမည်ဖြစ်ရာ ဧပြီ ၅ရက်တွင် အရှင်ဒေဝိန္ဒာလင်္ကာရဘိဝံသ (သီတဂူ ဗုဒ္ဓတက္ကသိုလ်)၊ ဧပြီ ၆ရက်တွင် အရှင်ခေမာသီရိလင်္ကာရ (ရွှေပြည်ဟိန်း) နှင့် ဧပြီ ၇ရက်တွင် အရှင်ခေမိန္ဒ(စစ်ကိုင်း-ခင်မကန်)တို့က ညစဉ် ၇နာရီမှစ၍ တရားရေအေးတိုက်ကျွေးကြမည် ဖြစ်ကြောင်း သိရသည်။

(က-ပ)

● *ကျောဖုံးမှ*

တက်ရောက်

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပထမအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၀၆)စာပေဆု ချီးမြှင့်ပွဲတွင် စာပေဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ကော်မတီဝင်များ၊ ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ၊ ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ထွန်းဖောင်ဒေးရှင်း စာပေဆုအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ပြင်ပစာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ဆုရရှိသူများနှင့် မိသားစုများ တက်ရောက်ကြသည်။

ကျေနပ်အားရ

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်က နိုင်ငံရေးဦးတည်ချက် (၄)ရပ်၊ စီးပွားရေးဦးတည်ချက် (၄)ရပ်၊ လူမှုရေး ဦးတည်ချက်(၄) ရပ်တို့ကို ချမှတ်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုရေးဦးတည်ချက်(၄)ရပ်တွင် ပါဝင်သည့် တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဟူသည့် ဦးတည်ချက်သုံးရပ်တို့ကို ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး စာပေပညာရှင်များက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

ကျေးဇူးတင်

ယင်းကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့အကျိုးပြု စာပေများက တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိရာ ထွန်းဖောင်ဒေးရှင်းဘဏ်က နိုင်ငံအကျိုးပြုစာပေများကို ယခုကဲ့သို့ပါဝင်ချီးမြှောက်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

နှုတ်ခွန်းဆက်

ထို့နောက် ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ထွန်းဖောင်ဒေးရှင်း စာပေဆု ကော်မတီနာယက ဦးသိန်းထွန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီနာယက ဦးလှမြိုင်(ကိုဆောင်း)က အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ထွန်းဖောင်ဒေးရှင်းဘဏ် ဒါရိုက်တာအဖွဲ့ဝင် ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ အငြိမ်းစား သံအမတ်ကြီး ဦးသက်ထွန်းက စာပေဆုများ ချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီအတွင်းရေးမှူး ဦးမျိုးသန့် (မောင်ဆုရှင်)က ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီ၏ ဆုရွေးချယ်ရေးအစီရင်ခံစာပါ ဆုရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်အကျဉ်းကို ဖတ်ကြားတင်ပြသည်။

ဆုချီးမြှင့်

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ထွန်းဖောင်ဒေးရှင်းစာပေဆု ၂၀၀၆ ကျန်းမာရေးဘာသာရပ် ဆုအတွက် အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုထုတ်ဝေသည့် Conquest of Scourges in Myanmar : An Update စာအုပ်ကို စုဆောင်းရေးသား တည်းဖြတ်ကြသော ဒေါက်တာဦးကိုကို၊ ဒေါက်တာဦးကျော်လွင်နှင့် ဒေါက်တာထွန်းအောင်ကျော်တို့ကိုယ်စား ဒေါက်တာဦးကိုကိုအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက သမိုင်းဘာသာရပ်ဆုရ "နယ်ချဲ့ခုခံစစ်နှင့် မျိုးချစ်သူရဲကောင်း ဗိုလ်ရာညွန့်" စာအုပ်ကို ရေးသားသူ ဦးအောင်နိုင်အား ဆုချီးမြှင့်သည်။

ယင်းနောက် ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီ နာယက ဦးသိန်းထွန်းက စီးပွားရေးဘာသာရပ်ဆုရ " အမိုက်ထဲက ရွှေနှင့် လူပတ်ဝန်းကျင်ဆိုင်ရာ ဆောင်းပါးများ" စာအုပ်ကို ရေးသားသူ အောင်စည်ဟိန်းအား လည်းကောင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၊ ထွန်းဖောင်ဒေးရှင်း စာပေဆု ရွေးချယ်ရေးကော်မတီနာယက ဦးလှမြိုင် (ကိုဆောင်း) က အတ္ထုပ္ပတ္တိဘာသာရပ်ဆုရ"ကျွန်တော် မြန်မာသစ်တောသမားနှင့်လက်ရွေးစင်ဆောင်းပါးများ" စာအုပ်ကို ရေးသားသူ ဦးရဲမြင့် (သစ်တော)အားလည်းကောင်း၊ ထွန်းဖောင်ဒေးရှင်းဘဏ် ဒါရိုက်တာ အဖွဲ့ဝင် ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌ အငြိမ်းစား သံအမတ်ကြီး ဦးသက်ထွန်းက ယဉ်ကျေးမှု ဘာသာရပ်ဆုရ " Some Observations on History and Culture of Early Myanmar " စာအုပ်ကို ရေးသားသူ ကွယ်လွန်သူ ဆရာကြီး ဒေါက်တာသန်းထွန်း၏ ကိုယ်စား ဇနီး ဒေါ်ခင်ရီအားလည်းကောင်း ဆုများကို ချီးမြှင့်ကြသည်။

ဆက်လက်၍ ထွန်းဖောင်ဒေးရှင်းဘဏ် ဒါရိုက်တာအဖွဲ့ဝင် ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေး ကော်မတီဝင်ဒေါက်တာစိန်မောင်က ကလေးသူငယ်ဘာသာရပ်ဆုရ "လူငယ်တို့အတွက် ဘဝနေထိုင်နည်း"စာအုပ်ကို ရေးသားသူ ဒေါက်တာမြင့်လွင်အား လည်းကောင်း၊ ထွန်းဖောင်ဒေးရှင်း ဘဏ် ဒါရိုက်တာ အဖွဲ့ဝင် ထွန်းဖောင်ဒေးရှင်း စာပေဆု ရွေးချယ်ရေးကော်မတီဝင် စီးပွားရေးပညာရှင် ဒေါက်တာ မောင်မြင့်က စီးပွားရေးဘာသာရပ်ဆုရ "မြန်မာပင်လယ်အဏ္ဏဝါအခြေခံခရီးသွားလုပ်ငန်း"စာအုပ်ကို ရေးသားသူ တင်သန်းယု (မြန်မာ့ခရီးသွား) အားလည်းကောင်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ထွန်းဖောင်ဒေးရှင်း စာပေဆု ရွေးချယ်ရေး ကော်မတီအဖွဲ့ဝင် ဦးတင်ခ(တက္ကသိုလ်တင်ခ)က ကျန်းမာရေးဘာသာရပ်ဆုရ "ကျန်းမာစေကြောင်းနည်းလမ်းကောင်းများ" စာအုပ်ကို ရေးသားသူ အောင် (ဆေး-၁)အားလည်းကောင်း၊ ပညာရေး ဝန်ကြီးဌာန ဝန်ကြီး(အငြိမ်းစား) ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေး ကော်မတီဝင် ဒေါက်တာ ကျော်စိန်က သမိုင်းဘာသာရပ်ဆုရ "Kimwum Mingyi Thamaing" စာမူကိုရေးသားသူ ဦးအောင်သန်းထွန်း(မုံရွာ) အားလည်းကောင်း၊ စီးပွားရေး တက္ကသိုလ် ပါမောက္ခချုပ်(အငြိမ်းစား) ထွန်းဖောင်ဒေးရှင်း စာပေဆု ရွေးချယ်ရေး ကော်မတီဝင် စီးပွားရေးပညာရှင် ဦးမြတ်သိန်းက စီးပွားရေး ဘာသာရပ်ဆုရ "မြန်မာ့ကုမ္ပဏီလုပ်ငန်းအခြေခံများ" စာမူကိုရေးသားသူ ဦးဖေသန်း တင်အားလည်းကောင်းဆုများကိုချီးမြှင့်ကြသည်။

ဂုဏ်ပြု

ထို့နောက် ထွန်းဖောင်ဒေးရှင်း ဘဏ်ဥက္ကဋ္ဌ ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီနာယက ဦးသိန်းထွန်းက ထွန်းဖောင်ဒေးရှင်းစာပေဆု ကော်မတီကိုယ်စား အဖွဲ့ဝင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)အား ဂုဏ်ပြုလက်ဆောင်များကိုပေးအပ်ပြီး စာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စုပေါင်းဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် ဆုရရှိသူများသည် စုပေါင်း၍ ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ပထမအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၀၆)စာပေဆုချီးမြှင့်ပွဲတွင် စာပေဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မဇ္ဈိမဂုဏ်ရည်ဆရာတော်၏ မေြ ဓမ္မခရီးစဉ်

ရန်ကုန် မေ ၄

ရန်ကုန်မြို့ သာကေတမြို့နယ် မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာန နာယက၊ သာသနတက္ကသီလဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တ ကောဝိဒသည် မေ ၅ ရက် မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် အထူးပွဲ၊ ၆ ရက် ရန်ကင်းမြို့နယ် ၁၂လုံးတန်း သဒ္ဓမ္မဘာဝိတဓမ္မာရုံနှင့် ကြည့်မြင်တိုင်မြို့နယ် သာဓုလမ်း ဦးသန်းဝင်း-ဒေါ်ဟံသာအေးမိသားစု ဓမ္မအလှူပွဲ၊ ၇ ရက် လှိုင်မြို့နယ် နိဗ္ဗာန်လမ်း၊ ၉ ရက် ကျောက်မြောင်း ဗျိုင်းရေအိုးစင် ရွာမရပ်ကွက် အေးဓမ္မာရုံ၊ ၁၀ ရက် တောင်ဒဂုံ ၇၂ ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ ၁၁ ရက် ရန်ကင်းမြို့နယ် ၁ ရပ်ကွက် မြောက်ပိုင်းအထူးပွဲ၊ ၁၃၊ ၁၄ ရက် ညနေ ၄ နာရီ မဇ္ဈိမဂုဏ်ရည်တရားစခန်းပွဲ၊ ၁၅ ရက်ညနေ ၄နာရီ မဇ္ဈိမဂုဏ်ရည် တရားစခန်းပွဲ၊ ည ၇ နာရီ ဒဂုံမြို့သစ် (မြောက်ပိုင်း) ထေရဝါဒဓမ္မရောင်ခြည်ကျောင်းတိုက်၊ ၁၆ ရက်မွန်းလွဲ ၁နာရီ သာကေတ ၁၀၈ တောင်စေတီ၊ ည၇ နာရီ ဒလမြို့ သမ္မတကမ်းခြေ၊ ၁၇၊ ၁၈ ရက် မင်္ဂလာတောင်ညွန့်မြို့နယ် ၉၃ လမ်း အထူးပွဲ၊ ၁၉ ရက် လှည်းကူးစက်သုံးလုံး ဝိပဿနာရိပ်သာ၊ ၂၀ ရက် လမ်းမတော်မြို့နယ် လမ်းသစ်ရိပ်သာ၊ ၂၁ ရက်ဆည်းဆာ သဃ်္ဃန်းကျွန်း ကျိုက္ကဆံဘုရားဝင်း၊ ည ၇ နာရီခွဲ ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် သက်ကြီးပူဇော်ပွဲ၊ ၂၂ ရက် စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းကုန်း ၉၆၉ အလင်းစေတမန်အဖွဲ့ ဓမ္မသဘင်၊ ၂၃ ရက်ည ခရမ်းမြို့ ပြည်မြန်မာဆောက်လုပ်ရေး မိသားစုကျောင်းရေစက်ချ၊ ၂၄ ရက် လှိုင်သာယာ ၁၄ ရပ်ကွက် ပန်းလှိုင်လမ်း၊ ၂၅ ရက် ရန်ကင်းမြို့နယ် တိုက်လေးလုံးသာသနာ့ဗိမာန်ဓမ္မာရုံ၊ ည ၈ နာရီခွဲ ပုဇွန်တောင် တပ်မြေရပ်ကွက် ဓမ္မသဘင်၊ ၂၆၊ ၂၇ ရက် ရန်ကင်းတိုက်လေးလုံး သာသနာ့ဗိမာန်ဓမ္မာရုံ၊ ၂၈၊၂၉ ရက် ကျိုက်ထီးရိုးရင်ပြင်တော်၊ ၃၀ ရက် မြိုင်ကလေးဘိလပ်မြေစက်ရုံ ဓမ္မသဘင်များ၌ ညစဉ် ၇နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သင်္ကြန်ရက်များအတွင်း ရေဆက်သွယ်ကစားလိုသူများ မြို့တော်စည်ပင် အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)သို့ဆက်သွယ်ဆောင်ရွက်နိုင်

ရန်ကုန် မေ ၄

၁၃၆၉ခုနှစ် မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်၊ အင်းလျားကန်နှင့် ကန်တော်ကြီးကန်တို့မှ ရေဆက်သွယ် ကစားလိုသည့်ကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)သို့ မေ ၁၁ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ယာယီရေဆက်သွယ်ရန်အတွက် ခွင့်ပြုမိန့် လျှောက်ထားကြရမည်ဖြစ်သည်။ ယင်းယာယီရေဆက်သွယ်ခွင့် လျှောက်လွှာများကို သက်ဆိုင်ရာ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးရုံးရှိ မြို့နယ်(ရေ/သန့်) တာဝန်ခံရုံးများတွင် အခမဲ့ထုတ်ယူနိုင်သည်။

ခွင့်ပြုမိန့် လျှောက်ထားရာ၌ သတ်မှတ်လျှောက်လွှာတွင် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်(ရေ/သန့်)တာဝန်ခံတို့၏ မှတ်ချက်ရယူပြီး အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှမဏ္ဍပ်ဆောက်လုပ်ခွင့်ကို ပူးတွဲတင်ပြလျှောက်ထားကြရမည်ဖြစ်သည်။

ရေဆက်သွယ်မှုကို မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးရှိ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဝန်ထမ်းများက ရေကစားမဏ္ဍပ်သို့ စည်းကမ်းချက်များနှင့်အညီ ရေဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ခွင့်ပြုမိန့်မရရှိဘဲ ကော်မတီပိုင်ရေပိုက်များ၊ အင်းလျားကန်၊ ကန်တော်ကြီးကန်နှင့် အခြားမြေစိုက်ကန်များမှ ရေကိုဆက်သွယ်၍ ရေကစားခြင်း မပြုကြရန်နှင့် မီးသတ်ပိုက်ခေါင်းများမှ ရေကစားခြင်းလုံးဝ (လုံးဝ)မပြုလုပ်ရန်၊ ပြုလုပ်ပါက ဥပဒေ စည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းမြို့တော်စည်ပင်သာယာရေးကော်မတီမှထုတ်ပြန်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၄

လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ် ကြီးကြပ်ရေးမှူးအသင်းက ဦးဆောင်၍ မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ယနေ့ နံနက် ၈ နာရီက မူးယစ်ဆေးဝါး အသိပညာပေးခြင်းနှင့် ရပ်ရွာလူထုအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများအကြောင်းနှင့် သက်ဆိုင်သည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေး

ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာန တိုင်းတွဲဖက်ဦးစီးအရာရှိ ဦးဝင်းမောင်က မူးယစ်ဆေးဝါး သုံးစွဲသူများ၏ မိသားစုဝင်များပြဿနာရပ်နှင့် ဆေးဖြတ်ကုသမှုခံယူပြီးသူများအား ရပ်ရွာအခြေပြု ပြည်သူလူထုအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ဦးလွင်ဦး စခန်းမန်နေဂျာ (ရန်ကုန်ပြန်လည်ထူထောင်ရေးစခန်း)က စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးတစ်ဦး၏ အခြေခံသဘောတရားများခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ဗဟို)မှ ဗဟိုကော်မတီဝင် ဦးအောင်ညွန့်က မူးယစ်ဆေးဝါးနှင့် HIV/AIDS ရောဂါဆက်နွယ်သည် ပြဿနာခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲဆင်းပွဲကျင်းပရာ မြောက်ဥက္ကလာပ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းစေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း ဥက္ကဋ္ဌ ဦးစံရှိန်နှင့် သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆွေးနွေးပွဲသို့ ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းမှ အလုပ်အမှုဆောင်များ၊ မူးယစ်ကြီးကြပ်ရေးမှူးများနှင့် မြို့နယ်တာဝန်ခံ(ယာယီ) ဦးဟိန်းထွဋ်နှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင် ၈၀ တက်ရောက်ကြသည်။ **(က-ပ)**

ပလောက်ထပ်ဆင့်လွှင့်စက်ရုံမှ ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

ရန်ကုန် မေ ၄

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ တနင်္သာရီတိုင်း ပလောက်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၀၇ခုနှစ် မတ် ၂၆ ရက်တွင် လုပ်ငန်းများပြီးစီးပြီဖြစ်၍ အဆိုပါစက်ရုံမှ လွှင့်အားဝပ်၅၀၊ လိုင်းနံပါတ်(၈)ဖြင့် ၂၀၀၇ခုနှစ် မတ် ၂၇ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၇၀)ပြည့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

မောင်သံမြှိမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော် **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့** သည် **"ရာထူးဝန်အဖွဲ့"** (Public Service Commission) ဟု စတင် ဖွဲ့စည်းခဲ့သည့် ၁၉၃၇ခုနှစ် ဧပြီလမှ တွက်စစ်ပါက နှစ်ပေါင်း ၇၀ ပြည့်ခဲ့ပြီ ဖြစ်ပါသည်။

နိုင်ငံတိုင်းတွင် နိုင်ငံ့ဝန်ထမ်းများရှိကြသကဲ့သို့ အဆိုပါ နိုင်ငံ့ဝန်ထမ်းများကို ရွေးချယ်ခန့်ထားလေ့ကျင့်ပေးသည့် အဖွဲ့အစည်းများလည်း ရှိကြပါသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဖွဲ့စည်းမှု၊ တာဝန်ခွဲဝေပေးအပ်မှု မတူညီကြသော်လည်း ဝန်ထမ်းရေးရာကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ရသည့် အဖွဲ့အစည်းများ သီးခြားတည်ရှိကြပုံမှာ အတူတူပင်ဖြစ်ပါသည်။ အများအားဖြင့် ရာထူးဝန်အဖွဲ့ဟု သိထားကြသည့် ရာထူးခန့်ထားရေးအဖွဲ့ရှိကြပြီး အချို့နိုင်ငံများတွင် ရာထူးခန့်ထားရေး သာမက လေ့ကျင့်ရေးတာဝန်ကိုပါ ပူးတွဲထမ်းဆောင်ရသည့် အဖွဲ့အစည်းများ ရှိကြပါသည်။ ကုလသမဂ္ဂကဲ့သို့ နိုင်ငံတကာ ဝန်ထမ်းများရှိသော အဖွဲ့အစည်းများတွင်ပင် အဆိုပါဝန်ထမ်းများ၏ ဝန်ထမ်းရေးရာကိစ္စများကို ဆောင်ရွက်ပေးရန် နိုင်ငံတကာ ဝန်ထမ်းကော်မရှင်ကို ဖွဲ့စည်းထားရှိ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံ့ဝန်ထမ်းများကို ရွေးချယ်ပေးသည့် အဖွဲ့အစည်းများ၊ လေ့ကျင့်ပေးသည့် အဖွဲ့အစည်းများရှိခဲ့ရာ မျက်မှောက်ကာလတွင် ရွေးချယ်ရေးနှင့်လေ့ကျင့်ရေးတာဝန်ကိုပါ ထမ်းရွက်ရသော **"ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့"** ကို ဥပဒေနှင့်အညီ ဖွဲ့စည်းထားရှိ ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံတွင် ရှေးမြန်မာမင်းများလက်ထက်က ဝန်ထမ်းများကို စနစ်တကျ ရွေးချယ်ခန့်ထားသည့် စနစ်၊ စံနှုန်းများရှိခဲ့ပြီး နိုင်ငံ့ဝန်ထမ်း(မင်းမှုထမ်း)များကို ရွေးချယ်ခန့်ထားခဲ့ကြပါသည်။ လက်ရုံးရည်၊ နှလုံးရည်၊ သတ္တိ၊ ဗျတ္တိ ထူးချွန်ထက်မြက်သော အမှုတော်ထမ်းများ ရရှိစေရန်အတွက် ပြိုင်ပွဲများ၊ စာပြန်ပွဲများ ပြုလုပ်ရွေးချယ်ခဲ့ကြပါသည်။

ကိုလိုနီနယ်ချဲ့လက်အောက် သူ့ကျွန်ဘဝရောက်ရှိခဲ့ချိန်တွင် နယ်ချဲ့တို့၏ အုပ်ချုပ်ရေးယန္တရားကို လည်ပတ်အကောင်အထည်ဖော်နိုင်ရန် ဝန်ထမ်းများ ခန့်ထားခဲ့သော်လည်း တိုင်းတစ်ပါးမှ လူမျိုးခြားများကိုသာ အဆင့်မြင့်နေရာများတွင် ခန့်ထားပြီး ဒေသခံ တိုင်းရင်းသားများက များများစားစား နေရာမရခဲ့ပါ။ နယ်ချဲ့ဗြိတိသျှတို့၏ အုပ်ချုပ်ရေးစနစ်ခိုင်မာစေရန် အကျိုးပြုမည့် နိုင်ငံခြားသားများကသာ နေရာရခဲ့ပါသည်။ ဗြိတိသျှကိုလိုနီ အိန္ဒိယနိုင်ငံ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရပ်တည်ခဲ့ရသော မြန်မာနိုင်ငံတွင် အိန္ဒိယရာထူးဝန်အဖွဲ့ အစီအစဉ်ဖြင့် ရွေးချယ်ခန့်ထားသည့် အိန္ဒိယပင်္ဂိုဟ်ပညာဉ်ခံဝန်ထမ်း အိုင်စီအက်စ် (I.C.S) များသာ ရှိခဲ့ပါသည်။

၁၉၃၇ ခုနှစ်တွင် မြန်မာနိုင်ငံအတွက် ရာထူးဝန်အဖွဲ့ ဖွဲ့စည်းပြီးချိန်၌ ဘီစီအက်စ်(B.C.S)ခေါ် ပင်္ဂိုဟ်ပညာဉ်ခံဝန်ထမ်းများ ပေါ်ပေါက်လာခဲ့ပြီး ဒေသခံတိုင်းရင်းသားများ နေရာရခဲ့ပါသည်။

မြန်မာနိုင်ငံ၌ ပထမဆုံးရာထူးဝန်အဖွဲ့ကို ၁၉၃၇ခုနှစ်တွင် ဖွဲ့စည်းခဲ့ရာ ထိုအချိန်က ဗြိတိသျှလက်အောက်ခံ ကိုလိုနီဖြစ်နေသဖြင့် ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌမှာ နိုင်ငံခြားသား မစ္စတာ စီအက်(ဖ)ဂရန်ဆိုသူ ဖြစ်ပါသည်။ အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံသား ဦးသိန်းမောင်နှင့် ဦးဘအေးတို့ ပါဝင်ခဲ့ကြပါသည်။ ၁၉၃၈ ခုနှစ်တွင် ဦးသိန်းမောင်အစား ဦးဘိုးဟန်က တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၃၉ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် မစ္စတာ ပီ၊ဘီ၊ကွင်လန်ကို ခန့်အပ်တာဝန်ပေးပါသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဂျပန်လက်အောက် ကျရောက်ခဲ့စဉ်က နိုင်ငံတော်အဓိပတိအား တိုက်ရိုက်တာဝန်ခံသည့် **နိုင်ငံတော်ဝန်ထမ်း ရာထူးဝန်အဖွဲ့**တစ်ရပ် ဖွဲ့စည်းထားရှိပြီး ဝန်ထမ်းရွေးချယ်ရေးတာဝန်ကို ထမ်းဆောင်စေခဲ့ပါသည်။

စစ်ပြီးကာလ ၁၉၄၆ ခုနှစ်တွင် ရာထူးဝန်အဖွဲ့ ပြန်လည်ဖွဲ့စည်းပြီးဥက္ကဋ္ဌအဖြစ် မစ္စတာ စီ၊ အင်န်ပဲဂျက်ကို ခန့်အပ်ခဲ့ပါသည်။ အဖွဲ့ဝင်များအဖြစ် ဦးစောလှဖြူနှင့် ဦးမောင်ကလေးတို့ ပါဝင်ခဲ့ပါသည်။

၁၉၄၇ ခုနှစ် နိုဝင်ဘာလတွင် ဦးလွန်းဘော်ကို ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌအဖြစ်ခန့်အပ်တာဝန်ပေးခဲ့ရာ ပထမဆုံး မြန်မာနိုင်ငံသားဥက္ကဋ္ဌဖြစ်ခဲ့ပါသည်။ အဖွဲ့ဝင်မြန်မာနိုင်ငံသား နှစ်ဦးပါရှိပါသည်။ ၁၉၄၈ ခုနှစ်တွင် အဖွဲ့ဝင် သုံးဦးအထိ တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ရာထူးဝန်အဖွဲ့ကို ဖွဲ့စည်းပြီး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ(ရာထူးဝန်များ)ကို နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါသည်။ ဥက္ကဋ္ဌအဖြစ် ဦးလွန်းဘော်ကိုပင် ခန့်အပ် တာဝန်ပေးအပ်ခဲ့ပါသည်။ အဖွဲ့ဝင် ဗိုလ်ထွန်းလင်း၊ ဦးအောင်ဇံဝေနှင့် ဦးမန်းအေးဖေတို့ ပါဝင်ပါသည်။ ၁၉၅၃ ခုနှစ်တွင် **ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥပဒေ**ကို ပြဋ္ဌာန်းပြီး အဖွဲ့ဥက္ကဋ္ဌ ဦးလွန်းဘော်နှင့် အဖွဲ့ဝင်လေးဦးကို ခန့်အပ်တာဝန်ပေးခဲ့ပါသည်။

အဖွဲ့သည် မူလက ရာထူးရွေးချယ်ခန့်ထားရေး တာဝန်ကိုသာ ထမ်းဆောင်ခဲ့ရပြီး ၊ ၁၉၇၂ ခုနှစ်၌ မြန်မာနိုင်ငံ အုပ်ချုပ်ရေးစနစ်သစ်ဖော်ထုတ်ရာတွင် ဝန်ထမ်းများလေ့ကျင့်ပညာပေးရေး တာဝန်ထမ်းဆောင်လျက်ရှိသော ပြည်ထဲရေးဝန်ကြီးဌာနနှင့်ပေါင်း၍ ဗဟိုပြည်သူ့ဝန်ထမ်းရွေးချယ်လေ့ကျင့်နေရာချထားရေးအဖွဲ့အဖြစ် ဖွဲ့စည်းပေါ်ပေါက်ခဲ့ပါသည်။ ၁၉၇၃ ခုနှစ်တွင် အဖွဲ့ကို **ပြည်သူ့ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့**ဟု ပြောင်းလဲခေါ်ဝေါ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနအောက်၌ပင် ဆက်လက်တည်ရှိခဲ့ပါသည်။ ၁၉၇၇ ခုနှစ် မတ်လတွင် အဖွဲ့သည် နိုင်ငံတော်ကောင်စီ၏ ကြီးကြပ်ကွပ်ကဲမှုအောက်သို့ လွှဲပြောင်းရောက်ရှိခဲ့ပါသည်။

၁၉၇၇ ခုနှစ် ဧပြီလ ၉ရက်နေ့တွင် ၁၉၇၇ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၄)အဖြစ် **"ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့"** ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်ကောင်စီကို တိုက်ရိုက်တာဝန်ခံ၍ ဥပဒေအရ သတ်မှတ်ထားသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။ ယနေ့အချိန်အခါတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှုကိုခံယူ၍ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်လျက် ရှိပါသည်။

အခေါ်အဝေါ်အဆင့်ဆင့် ပြောင်းလဲလာပုံမှာ **ရာထူးဝန်အဖွဲ့** (၁၉၃၇ မှ ၁၉၅၃ အထိ) **ပြည်ထောင်စုရာထူးဝန်အဖွဲ့**(၁၉၅၃ မှ ၁၉၇၂ အထိ)၊ **ဗဟိုပြည်သူ့ဝန်ထမ်း ရွေးချယ်လေ့ကျင့် နေရာချထားပေးရေးအဖွဲ့** (၁၉၇၂ ခုနှစ်)၊ **ပြည်သူ့ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့** (၁၉၇၃ မှ ၁၉၇၇ အထိ)၊ **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့**(၁၉၇၇ မှ ယနေ့အထိ) ဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာအခေါ်အဝေါ်အားဖြင့် (Public Service Commission=PSC)ဟု အသိများခဲ့ပြီး လက်ရှိအခေါ်မှာ(Civil Service Selection and Training Board = CSSTB) ဖြစ်ပါသည်။

အဖွဲ့၏ ဥက္ကဋ္ဌများမှာလည်း အောက်ပါအတိုင်း အပြောင်းအလဲ ရှိခဲ့ပါသည်–

– ဦးလွန်းဘော်	(၁၉၄၇ မှ ၁၉၆၃)
– ဦးကာ	(၁၉၆၃ မှ ၁၉၆၈)
– ဦးလှိုင်ဟုတ်	(၁၉၆၈ မှ ၁၉၇၃)
– ဦးခင်မောင်ဖြူ	(၁၉၇၃ မှ ၁၉၇၇)

၁၉၇၇ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ' ဥပဒေပေါ်ပေါက်ပြီးနောက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဥက္ကဋ္ဌများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

– ဦးသန်းစိန်	(၁၉၇၇ မှ ၁၉၈၁)
– ဦးမောင်မောင်ကြီး	(၁၉၈၁ မှ ၁၉၉၉)
– ဒေါက်တာသန်းညွန့်	(၁၉၉၉ မှ ယနေ့အထိ)

၁၉၇၇ခုနှစ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥပဒေအရ သတ်မှတ်ထားသော အဓိကတာဝန်များမှာ နိုင်ငံတော်၏ ဝန်ထမ်းအဖွဲ့ အစည်းများတွင် လိုအပ်သောဝန်ထမ်းများကို ရွေးချယ်ခြင်းနှင့်လေ့ကျင့်ခြင်း၊ ဝန်ထမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒလမ်းညွှန်ချက်များ ချမှတ်နိုင်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား အထောက်အကူပြုခြင်းနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်းတို့ ဖြစ်ကြပါသည်။

အဖွဲ့သည် အထက်ပါတာဝန်အပြင် ၁၉၇၉ ခုနှစ်တွင် နိုင်ငံတော်ကောင်စီက **"ဝန်ထမ်းများကို ကနဦးလစာကျပ် ၄၅၀/–(ယခုကျပ် ၈၀၀၀၀/–)အဆင့်ရာထူးသို့ တိုးမြှင့်ခန့်အပ်လိုပါက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရန် ဖြစ်ပါသည်"ဟု ညွှန်ကြားထားရာ "ရာထူးတိုးမြှင့်ရေး"** တာဝန်ကိုပါ ဆောင်ရွက်လျက်ရှိပါသည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သည် အထက်ဖော်ပြပါကြီးလေးသောတာဝန်များကို ထမ်းဆောင်ရာတွင် အဖွဲ့အသွင်သဏ္ဌာန်ဖြင့် ဆွေးနွေးညှိနှိုင်းဆုံးဖြတ် ဆောင်ရွက်ပေးရသည်ဖြစ်ရာ အဖွဲ့ဝင်များ၏ အရည်အချင်းပြည့်ဝမှု၊ သိက္ခာသမာဓိရှိမှု၊ ဉာဏ်ပညာအမြော်အမြင်ကြီးမားမှု၊ အတွေ့အကြုံရင့်ကျက်မှုမှာ များစွာအရေးကြီးပါသည်။ သို့ဖြစ်၍ အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးခန့်အပ်ရာတွင် ပညာရေးဆိုင်ရာ ပါမောက္ခချုပ်၊ ပါမောက္ခကြီးများ၊ ဥပဒေရေးရာကျွမ်းကျင်နှံ့စပ်သူများ၊ နိုင်ငံတကာအတွေ့အကြုံရှိ သံတမန်ဝန်ထမ်းကြီးများ၊ အခြားလေ့ကျင့်ရေးအပိုင်းကျွမ်းကျင်သူများ၊ ကဏ္ဍစုံအတွေ့အကြုံရှိသူများ၊ စာပေပညာရှင်များနှင့် ဖွဲ့စည်းထားလေ့ရှိကြပါသည်။ နိုင်ငံတော်ကလည်း အဖွဲ့ဥက္ကဋ္ဌအား ဝန်ကြီးအဖြစ်လည်းကောင်း၊ အဖွဲ့ဝင်များအား ဒုတိယဝန်ကြီးများ အဖြစ်လည်းကောင်း သတ်မှတ် တာဝန်ပေးအပ်ခဲ့ပါသည်။ လက်ရှိဖွဲ့စည်းထားသည့် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

ဒေါက်တာသန်းညွန့်	ဥက္ကဋ္ဌ
ဦးအောင်မြင့်	အဖွဲ့ဝင်
ဦးလှမြင့်ဦး	အဖွဲ့ဝင်
ဦးဝင်းအောင်	အဖွဲ့ဝင်
ဦးစိုးဦး	အဖွဲ့ဝင်
ဦးညီထွန်း	အဖွဲ့ဝင်
ဦးကျော်အောင်	အဖွဲ့ဝင်

အဖွဲ့သည်မိမိအား ပေးအပ်ထားသော တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် အဖွဲ့အောက်တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနနှင့် ဝန်ထမ်းရေးရာဦးစီးဌာနဟူသည့် ဦးစီးဌာန နှစ်ခုကိုလည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များကို လည်းကောင်း ဖွဲ့စည်းကြီးကြပ်ဆောင်ရွက်လျက် ရှိပါသည်။ ၁၉၈၈ခုနှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံသည် အဖွဲ့၏ ကြီးကြပ်စီမံခန့်ခွဲမှုအောက်သို့ လွှဲပြောင်း ရောက်ရှိခဲ့ပါသည်။ (အဆိုပါ 'သိပ္ပံ'ကို ၁၉၉၁ခုနှစ်တွင် တက္ကသိုလ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပါသည်။

အဖွဲ့အောက်ရှိဦးစီးဌာနများသည် အဖွဲ့ကိုယ်စား အဖွဲ့၏လမ်းညွှန်မှုနှင့်အညီ ဝန်ကြီးဌာန၊ ဝန်ထမ်းအဖွဲ့အစည်းများက လိုအပ်နေသော အရာရှိအဆင့်ရာထူးနေရာများအတွက် ဝန်ထမ်းလောင်းများရွေးချယ်ပေးရန် လျှောက်လွှာခေါ်ယူခြင်း၊ စိစစ်ခြင်း၊ ရေးဖြေစာမေးပွဲ စစ်ဆေးခြင်း၊ စိတ်အခြေအနေစစ်ဆေးပေးခြင်း၊ လူတွေ့စစ်မေးခြင်း၊ အောင်စာရင်းထုတ်ပြန်ခြင်း အရာထမ်းလောင်းသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးခြင်း တာဝန်များကို လည်းကောင်း၊ ဝန်ထမ်းအဖွဲ့အစည်း အသီးသီးက ညှိနှိုင်းလာသော အရာရှိအဆင့်သို့ ရာထူးတိုးမြှင့်ပေးရေးကိစ္စရပ်များကို တည်ဆဲ စည်းမျဉ်းများနှင့်အညီ စိစစ်၍ သဘောတူညီချက်ပေးခြင်းကို လည်းကောင်း၊ ထူးခြားသော အခြေအနေအရ အရာရှိအဆင့် ရာထူးခန့်ထားလိုသည့် ကိစ္စရပ်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ ထောက်ခံတင်ပြခြင်း တာဝန်များကို လည်းကောင်း၊ ဝန်ထမ်းများခန့်ထားခြင်း၊ အရေးယူအပြစ်ပေးခြင်း၊ ခံစားခွင့်၊ ရပိုင်ခွင့်များကို ဥပဒေစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်မှုရှိ၊ မရှိကို ညှိနှိုင်းသဘောထားတောင်းခံချက်အရ စိစစ်ပြန်ကြားပေးခြင်း၊ ပြင်ပဝန်ထမ်းစည်းကမ်းအရ တာဝန်ထမ်းဆောင်ခွင့်ပြုခြင်း၊ ဝန်ထမ်းရေးရာကျင့်ဝတ်၊ စာစောင်များ ထုတ်ဝေဖြန့်ချိရေးတာဝန်များကိုလည်းကောင်း ထမ်းဆောင်လျက် ရှိပါသည်။

ဝန်ထမ်းများရွေးချယ်ရေး၊ ရာထူးတိုးမြှင့်ပေးရေးနှင့် ပတ်သက်၍ ၁၉၉၆–၁၉၉၇ မှ ၂၀၀၆–၂၀၀၇ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်အထိ ၁၀နှစ်တာကာလအတွင်း အောက်ပါအတိုင်း ဆောင်ရွက်ပေးခဲ့ပါသည်–

– အဖွဲ့က ကြော်ငြာခေါ်ယူရွေးချယ်ပေးသည့် အရာထမ်းဦးရေ ၈၈၀၀ကျော်၊
– လုပ်သက်ပြည့် ရာထူးတိုးမြှင့်ပေးခဲ့သည့် ဦးရေ ၂၃၀၀၀ကျော်၊
– လုပ်သက်လျော့ အထူး ရာထူးတိုးမြှင့်ပေးခဲ့သည့် ဦးရေ ၇၂၀၀ ကျော်။

အဖွဲ့သည် သုံးနှစ်တာကာလအတွင်း လစ်လပ်ရာထူးနေရာများသို့ လျှောက်ထားသူ ၅၀၀၀၀ကျော်အတွက် စာမေးပွဲများ ကျင်းပစစ်ဆေးရွေးချယ်ပေးခဲ့ပါသည်။

ဝန်ထမ်းများအားလေ့ကျင့်ပေးရေးနှင့်ပတ်သက်၍ အဖွဲ့ဥပဒေတွင် "ဝန်ထမ်းများအား လေ့ကျင့်ပညာပေးရေးအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်ကို အဖွဲ့ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ဖွဲ့စည်းထားရှိရမည်" ဟု ပြဋ္ဌာန်းထားပြီး၊ ဗဟိုဝန်ထမ်းတက္ကသိုလ်ဖွဲ့စည်းထားရှိမှု ဦးတည်ချက်များအဖြစ် အောက်ပါအတိုင်း သတ်မှတ်ထားရာ၊ ၎င်းဦးတည်ချက်များအတိုင်း အဖွဲ့၏ကြီးကြပ်မှုဖြင့် လေ့ကျင့်ရေးတာဝန်များကို ထမ်းဆောင်လျက် ရှိပါသည်–

– စီမံခန့်ခွဲရေးနှင့် ပညာရှင်အဆင့် ဝန်ထမ်းလောင်းများအား အခြေခံသင်တန်းများပေးရန်၊
– အလယ်အလတ်တန်းစီမံခန့်ခွဲသူများအတွက် မွမ်းမံသင်တန်းများ ပေးရန်၊
– ဗဟိုနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များအတွက်လည်းကောင်း၊ အဆင့်မြင့်စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များအတွက်လည်းကောင်း ညှိနှိုင်းဆွေးနွေးပွဲများကို တာဝန်ယူကျင်းပပေးရန်၊
– ဝန်ထမ်းများအား စီမံခန့်ခွဲရေးဆိုင်ရာ ဘာသာရပ်များကို လေ့ကျင့်ပညာပေးရေးနှင့် စပ်လျဉ်း၍ သုတေသနပြုလုပ်ရန်။

အဖွဲ့ဥပဒေပြဋ္ဌာန်းချိန်က ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တစ်ခုသာရှိခဲ့သော်လည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် နယ်စပ်ဒေသ

စာမျက်နှာ ၅ ကော်လံ ၁ သို့

အခြေခံကြက်ခြေနီသင်တန်း(၁/ ၂၀၀၇) ဖွင့်လှစ်

နေပြည်တော် ဇွန် ၄

နေပြည်တော်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယကတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၏ ဇနီး ဒေါ်ဆွေဆွေဦးသည် ဇွန် ၂ရက်တွင် နယ်မြေခံတပ်ရင်း၌ကျင်းပသော အခြေခံကြက်ခြေနီသင်တန်း အမှတ်စဉ် (၁/၂၀၀၇)သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

သင်တန်းဖွင့်ပွဲ တွင် ကြက်ခြေနီအသင်း ဒုတိယတပ်ရင်းမှူး ဦးစိုးသိန်းက ကြက်ခြေနီအသင်းများအနေဖြင့် တပ်ဖွဲ့ဝင်အင်အားများ တိုးတက်များပြားလာစေရေးအတွက် တပ်ရင်း/တပ်ဖွဲ့များ၌လည်း သူနာပြု ဘာသာရပ်များကို ကျွမ်းကျင်စွာတက်မြောက်ထားပြီး လက်တွေ့နယ်ပယ်တွင်ပါကျင့်သုံးလာစေရန်ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်လိုက်သော သင်တန်းသည် အခြေခံသင်တန်းဖြစ်သည့်အလျောက် စာတွေ့၊ လက်တွေ့များအပြင် လူသားအကျိုးပြု ပညာရပ်များကို ကျွမ်းကျင်စွာ သင်ယူသွားကြပါဟု ပြောကြားသည်။

မှာကြား

အသင်းဥက္ကဋ္ဌ ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုက ဤသင်တန်းသည် ပထမအကြိမ် ဖွင့်လှစ်သော သင်တန်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရည်ရွယ်ချက်ဖြစ်သော "ဆင်းရဲဒုက္ခ နည်းပါးသက်သာစေရန်" ဆိုသည့် ရည်ရွယ်ချက်ကို သင်တန်းသားမောင်မယ်များအနေဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်စေလိုကြောင်း အကျယ်တဝင့်မှာကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယကတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၏ ဇနီး ဒေါ်ဆွေဆွေဦး အခြေခံကြက်ခြေနီသင်တန်း အမှတ်စဉ် (၁/၂၀၀၇)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အပူချိန်

၄-၆-၂၀၀၇

နေပြည်တော်	၃၉	ဒီဂရီစင်တီဂရိတ်
စစ်တွေ	၃၁	ဒီဂရီစင်တီဂရိတ်
မင်းတပ်၊ မြစ်ကြီးနား	၃၄	ဒီဂရီစင်တီဂရိတ်
ကျောက်တော်	၃၇	ဒီဂရီစင်တီဂရိတ်
သီပေါ	၃၈	ဒီဂရီစင်တီဂရိတ်
ရွှေကျင်၊ ဟင်္သာတ	၄၀	ဒီဂရီစင်တီဂရိတ်
ကလေးဝ	၄၁	ဒီဂရီစင်တီဂရိတ်
မုံရွာ၊ ညောင်ဦး၊ မကွေး	၄၂	ဒီဂရီစင်တီဂရိတ်

ရွှေတိဂုံစေတီတော် ရွှေပြား၊ ရွှေသင်္ကန်းနှင့် အလှူတော်ငွေများ လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇွန် ၄

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၄၇၅)ကြိမ်မြောက် ရွှေပြား၊ ရွှေသင်္ကန်းနှင့်အထွေထွေဝေယျာဝစ္စအလှူတော်ငွေများ ရေစက်ချလှူဒါန်းပွဲကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်များ တန်ဆောင်း၌ ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘန ကြွရောက်ချီးမြှင့်တော်မူပြီး စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဂုဏ်ပြုလွှာပေးအပ်

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရား ကန်တော့၍ ဖွင့်လှစ်ပြီး အလှူရှင်၉၅၂ဦးတို့က စုစုပေါင်း လှူဒါန်းငွေကျပ် ၁၁၆၆၁၇၁၀၂ တို့ကိုပေးအပ်လှူဒါန်းကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များကလက်ခံပြီး ထုတိမင်္ဂလာဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘနထံမှရေစက်ချတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဓမ္မာရုံ၊ မေတ္တာရေကန်၊ ဘုရားတန်ဆောင်း၊ ကျောက်စာတိုက် အိမ်မဲမြို့နယ် သရက်ကုန်းရွာ မင်းကျောင်းတွင်ဖွင့်လှစ်

ရန်ကုန် ဇွန် ၄

ဧရာဝတီတိုင်း အိမ်မဲမြို့နယ် သရက်ကုန်းကျေးရွာ မင်းကျောင်းတွင် ကျေးဇူးတော်ရှင် မြောင်းမြ(ဝါးကျောင်း)ဆရာတော်ကြီး ဦးပဏ္ဍိတ ဦးစီးတည်ထားခဲ့သော ဝိသုဒ္ဓိဓမ္မာရုံ၊ မေတ္တာရေကန်၊ ကျောက်တော်ကြီး ဘုရားတန်ဆောင်း၊ ဆရာတော်ကြီး၏ ရုပ်တုတော်နှင့် ထေရုပ္ပတ္တိကျောက်စာတိုက်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၄ ရက်နံနက် ၉ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

သုတစွယ်စုံစာပေဆုရရှိသူများစာရင်း ထုတ်ပြန်

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်မည့် "ဒုတိယအကြိမ်မြောက် သုတစွယ်စုံစာပေဆု" ရရှိသူများ စာရင်းကို သက်ဆိုင်ရာမှ ယမန်နေ့က ထုတ်ပြန်ကြေညာသည်။

ဆုရရှိသူများမှာ သုတစွယ်စုံဝိဇ္ဇာစာပေဆုအတွက်မောင်ဝံသ၏"သတင်းစာပညာသဘောတရားနှင့်လက်တွေ့"၊ စာပဒေသာစာပေဆုအတွက်ဒေါက်တာသက်လွင်၏ "လွမ်းဖွယ်တွေ ပေါပါတဲ့ တို့ယောမြေ"၊ သိပ္ပံစာ ပေဆုအတွက် ဦးကျော်ညွန့်၏ "ဆန်းသစ်လာသော နာနိုနည်းပညာ"၊ အသုံးချ သိပ္ပံစာပေဆုအတွက် ဒေါက်တာမြင့်မြင့်ခင်၏ "ဆီးချိုလူနာလမ်းညွှန်"၊ ဘာသာပြန်စာပေဆုအတွက် အောင်သန်းထွန်း (မုံရွာ)၏"ဒုတိယကမ္ဘာစစ်ဇာတ်ဆောင် ၁၀၀"၊ ရည်ညွှန်းစာပေ စာပေဆုအတွက် ရာပြည့်ဦးစိုးညွန့်၏ "၂၀ရာစု မြန်မာစာရေးဆရာ၁၀၀"နှင့် တစ်သက်တာစာပေဆုအတွက် ဦးလှကြိုင် (ဆရာပါရဂူ)တို့ ဖြစ်ကြသည်။

၂၀၀၅ ခုနှစ်အတွင်း ရေးသားထုတ်ဝေခဲ့သည့် စာအုပ်များမှ ရွေးချယ်ဆုချီးမြှင့်ခြင်းဖြစ်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယခုလအတွင်း ကျင်းပမည်ဖြစ်ပြီး ကျင်းပမည့် နေ့ရက်နှင့် နေရာကို ဆက်လက်ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။ ဆုရရှိသူများအနေဖြင့် ဖုန်း- ၃၇၄၄၀၀နှင့် ၂၅၂၄၁၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၄ ဆောင်းပါးအဆက်

များ အပါအဝင် တစ်နိုင်ငံလုံး ဟန်ချက်ညီညီ ဖြစ်ထွန်းတိုးတက်စေရန်နှင့် အထက်မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအတွက် မန္တလေးမြို့ကို ဗဟိုပြု၍ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအခြေခံများ တစ်ပြေးညီ ဖြစ်ထွန်းလာစေရေး စီမံဆောင်ရွက်ပေးရန် လမ်းညွှန်ချက်နှင့်အညီ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ကို ၁၉၉၉ခုနှစ် နှစ်ဆန်းက ပြင်ဦးလွင်မြို့နယ်တွင် ထပ်မံဖွင့်လှစ်ခဲ့ရာ ယခုအခါ ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခု ရှိနေပြီဖြစ်ပါသည်။

ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုတွင် အခြေခံပုံမှန်သင်တန်းများနှင့် အထူးမွမ်းမံသင်တန်းများကို သင်တန်းတက်ရောက်ရန် ကျန်ရှိသည့် ဝန်ထမ်းဦးရေ၊ အထူးမွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးရန် ဝန်ကြီးဌာနများ၏ လိုအပ်ချက်များနှင့်အညီ ညှိနှိုင်းဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တွင် တက္ကသိုလ်စတင်ဖွင့်လှစ်သည့် ၁၉၆၅ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ယနေ့အထိ သင်တန်းသား ၂၀၅၂၇၄ ဦးကိုလည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် တက္ကသိုလ် စတင်ဖွင့်လှစ်သည့် ၇-၂-၁၉၉၉မှ ယနေ့အထိ သင်တန်းသား ၄၈၃၅၁ ဦးကိုလည်းကောင်း ပို့ချလေ့ကျင့်ပေးခဲ့ပြီး ဖြစ်ပါသည်။

အဖွဲ့ကြီးကြပ်မှုအောက်ရှိ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်သည် တိုင်းရင်းသားသွေးချင်းများ အေးအတူ ပူအမျှ နေထိုင်ပြီး တစ်ဦး၏ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို တစ်ဦးက သိရှိနားလည် လေးစားကာ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ထွန်းကားပြန့်ပွားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားများ၏ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးနိုင်မည့်လူငယ်များကို ပညာရေးဝန်ထမ်းများအဖြစ် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိရာ ၂၀၀၇ခုနှစ် မတ်လကုန်အထိ ပညာရေးဆိုင်ရာမဟာဘွဲ့ ၆၂ ဦး၊ ပညာရေး/ဘီအီးဒီဘွဲ့ ၁၅၄၇ ဦးနှင့် အခြားပညာရေးဆိုင်ရာ ဒီပလိုမာနှင့် သင်တန်းဆင်းအောင်လက်မှတ်ရ ၈၇၉၃ ဦးရှိပြီ ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ဒေသအတွင်း ဖွဲ့စည်းထားသော အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)အဖွဲ့ဝင်ဖြစ်သည်နှင့်အညီ နိုင်ငံ့ဝန်ထမ်းရေးရာကိစ္စရပ်များတွင် (ASEAN Conference on Civil Service Matters) နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အာဆီယံ ကွန်ဖရင့်များသို့ တက်ရောက်၍ ဒေသအတွင်း နိုင်ငံ့ဝန်ထမ်းရေးရာကိစ္စရပ်များကို ပုံမှန်တက်ရောက်၍ အမြင်ခြင်းဖလှယ်ခဲ့ပါသည်။ ကွန်ဖရင့်၏အစီအစဉ်အရ ဖွင့်လှစ်သော ဆွေးနွေးပွဲများ၊ သင်တန်းများသို့လည်း မြန်မာနိုင်ငံမှ ပါဝင် တက်ရောက်စေခဲ့ပါသည်။ အာဆီယံအဖွဲ့အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော အဖွဲ့ဝင်နိုင်ငံတိုင်းတွင် ဖွင့်လှစ်ရသည့် အာဆီယံလူ့စွမ်းအားအရင်းအမြစ်ဗဟိုဌာန(ASEAN Resource Centre)ကိုလည်း ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့တွင် ဖွဲ့စည်းထားရှိခဲ့ပါသည်။ အဆိုပါ ဗဟိုဌာန၏ ဦးတည်ချက်အဖြစ် (Training of Trainers for Civil Service) နိုင်ငံ့ဝန်ထမ်း သင်တန်းဆရာများအား လေ့ကျင့်သင်ကြားပေးရေးကို သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများ အရည်အသွေးမြင့်မားရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ ပြည်တွင်းပြည်ပသင်တန်းများသို့ စေလွှတ်၍ လေ့ကျင့်ပေးလျက်ရှိပါသည်။ ထို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံတို့ရှိ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ရင်းရင်းနှီးနှီး ဆက်သွယ်ဆက်ဆံ၍ ဝန်ထမ်းများ အရည်း အသွေးတိုးတက်မြင့်မားရေးဆိုင်ရာ ကိစ္စများကို နိုင်ငံတကာ ဆက်ဆံရေး ကဏ္ဍတစ်ရပ်အဖြစ် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

ထို့အပြင် အဖွဲ့သည် e-Government လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အဖွဲ့ပိုင် Website များဖြင့် သတင်းများ၊ အောင်စာရင်းများ၊ ကြေညာချက်များ ထုတ်ပြန်ပေးခြင်း၊ အဖွဲ့ရုံးနှင့် အဖွဲ့အောက်ရှိ တက္ကသိုလ်များ အပြန်အလှန် အီလက်ထရောနစ် ဆက်သွယ်ရေးစနစ် ထူထောင်ထားရှိခြင်း၊ အီလက်ထရစ်နစ်သတင်းနှင့် နည်းပညာပြန့်ပွားရေးကိုလည်း ကော်မတီများဖွဲ့၍ ဆောင်ရွက်ခြင်းများ ပြုလုပ်လျက် ရှိပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံ့ဝန်ထမ်းအင်အား တစ်သန်းကျော်ရှိရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ တစ်ဖွဲ့တည်းက ဝန်ထမ်းများ ရွေးချယ်ပေးခြင်း၊ အခြေခံသင်တန်းများနှင့် မွမ်းမံသင်တန်းများကို ဖွင့်လှစ် ပို့ချပေးခြင်းတာဝန်ကို ထမ်းဆောင်နေရုံမျှဖြင့် ဝန်ထမ်းအားလုံးအတွက် ခြုံငုံပြီးပြည့်စုံမည် မဟုတ်ပါ။ ထို့ကြောင့် အခြားဝန်ကြီးဌာနအဖွဲ့အစည်းများကလည်း အခြားဝင်ပေါက်ရာထူးများအတွက် ရွေးချယ်ခန့်ထားခြင်း၊ အခြားအဆင့်ရာထူးများအတွက် ရာထူးတိုးမြှင့်ပေးခြင်းများကို သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက် ရှိပါသည်။ ထို့အတူ ဌာနတွင်း အခြေခံသင်တန်းများ၊ ကျွမ်းကျင်မှုသင်တန်းများ၊ မွမ်းမံသင်တန်းများကို ဝန်ကြီးဌာနအဖွဲ့အစည်းအလိုက် ဖွင့်လှစ်၍ ဝန်ထမ်းများ လေ့ကျင့်ရေးတာဝန်ကို မျှဝေဆောင်ရွက်ပေးလျက် ရှိကြပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် လေ့ကျင့်ရေးကျောင်းနှင့် တက္ကသိုလ်များသို့ လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများလေ့ကျင့်ရေးနှင့်ပတ်သက်၍ လမ်းညွှန်မိန့်ကြားလျက်ရှိရာ သင်တန်းကျောင်းများအနေဖြင့် ဝန်ထမ်းများ၏ **စိတ်ဓာတ်၊ စည်းကမ်းနှင့်စွမ်းရည်**ဟူသည့် အခြေခံအချက် သုံးချက်ပြည့်စုံရေး ပျိုးထောင်လေ့ကျင့်ပေးရန် မကြာမီကပင် လမ်းညွှန်မိန့်ကြားခဲ့ပါသည်။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နှင့် ဝန်ကြီးဌာနအသီးသီးရှိ လေ့ကျင့်ရေးကျောင်းများကလည်း နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ကို ဦးထိပ်ပန်ဆင်၍ ဝန်ထမ်းများလေ့ကျင့်ရေးတာဝန်ကို အလေးထားဆောင်ရွက်လျက်ရှိကြပါကြောင်း **နှစ်(၇၀)ပြည့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နေ့** ကို ဂုဏ်ပြုရေးသားဖော်ပြအပ်ပါသည်။ ။

5-4 (05) 1 4/5/07, 12:55 PM

မွေးမြူထုတ်လုပ်မှုကဏ္ဍ အရှိန်အဟုန်မြှင့် သား၊ ငါးကဏ္ဍ ရည်မှန်းချက်ပြည့်မီကျော်လွန်အောင် ဆောင်ရွက်

နေပြည်တော် ဧပြီ ၄

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မတ် ၃၁ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်း မြိတ်ခရိုင် ကျောက်ဖြာကျေးရွာအုပ်စု လော့လော့ကျေးရွာရှိ ဗင်းဒွေကုမ္ပဏီလီမိတက်၏ ရေငန်ပုစွန်အသားတိုး မွေးမြူရေးစခန်းသို့ရောက်ရှိရာ တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဝန်ကြီးက မွေးမြူထုတ်လုပ်မှုကဏ္ဍ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဗင်းဒွေကုမ္ပဏီ၏နှစ်ဧက ကန် ၁၀လုံးကို စတင်မွေးမြူမှုအခြေအနေကို လည်းကောင်း၊ ဆက်လက်၍ ပုစွန်ကန်များ ပြုပြင်ထားမှု အခြေအနေကို လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထိုမှတစ်ဆင့် ဝန်ကြီးသည် လော့လော့ကျေးရွာ သမုတ်မြစ်အေး၌ မင်းဇာနည်ကုမ္ပဏီက တစ်ဧက ကန်အလုံး၅၀ဖြင့် ကကတစ် ငါးအသားတိုးနှင့် သားပေါက်များ မွေးမြူထုတ်လုပ်ရေး စတင်ဆောင်ရွက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မြိတ်မြို့ရှိ တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းရှင်များ၊ အအေးခန်းစက်ရုံ လုပ်ငန်းရှင်များ၊ ရေလုပ်ငန်း ကုမ္ပဏီများနှင့် အသားကဏ္ဍ မွေးမြူထုတ်လုပ်သူ လုပ်ငန်းရှင်များအားတွေ့ဆုံ၍ သား၊ ငါးကဏ္ဍ ရည်မှန်းချက် ပြည့်မီကျော်လွန်ရေးအတွက် ဖြည့်စွက်ဆောင်ရွက်ရမည့် အခြေအနေများ၊ ကြက်ငှက်တုပ်ကွေးရောဂါ မကျရောက်စေရေးအတွက် ဇီဝလုံခြုံမှု ကြိုတင်ဆောင်ရွက်ရမည့် အခြေအနေများကို အသေးစိတ်ဆွေးနွေးမှာကြားသည်။

ထို့နောက် တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူးက ငါး၊ ပုစွန်နှင့် ရေထွက်သယံဇာတများ ထုတ်လုပ်နိုင်မှု အခြေအနေနှင့် တိုးချဲ့ဆောင်ရွက်နိုင်မှု အခြေအနေကိုလည်းကောင်း၊တနင်္သာရီတိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲညွန့်က အသားကဏ္ဍမွေးမြူထုတ်လုပ်နိုင်မှုနှင့် တိရစ္ဆာန်ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအစီအမံများ၊ ပညာပေးစည်းရုံးနိုင်မှု အခြေအနေများကို လည်းကောင်း၊ တက်ရောက်လာသော ရေလုပ်ငန်းကုမ္ပဏီနှင့် မွေးမြူသူများက လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း တင်ပြကြရာ ဝန်ကြီးက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ဧပြီ ၂ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမ၌ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရေထွက်ပစ္စည်းပြည်ပပို့ကုန် တိုးမြှင့်ရေးကော်မတီ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ရေထွက်ပစ္စည်း ဖမ်းဆီး၊ မွေးမြူထုတ်လုပ်သော အသင်းအဖွဲ့များမှ အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ၂၀၀၇-၂၀၀၈ခုနှစ် မြန်မာ့ရေထွက်ပစ္စည်း ပြည်ပပို့ကုန်တိုးမြှင့်ရေးဆိုင်ရာ ဆောင်ရွက်သွားရမည့် အခြေအနေများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာသူများက လုပ်ငန်းကဏ္ဍအလိုက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ဖြည့်စွက်ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မနောရမ္မပညာဒါနကျောင်းဆရာတော်အား ဂုဏာပူဇာပွဲကျင်းပ

ရန်ကုန် ဧပြီ ၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အရှေ့ဥယျာဉ်တိုက် မနောရမ္မ ပညာဒါနကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝါယမိန္ဒအား သဒ္ဓမ္မဇောတိကဓဇ ဂုဏပူဇာမင်္ဂလာချီးကျူး ဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၁ ရက် နံနက် ၉ နာရီက အဆိုပါ မနောရမ္မပညာဒါန ကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြောက်ဥက္ကလာပမြို့နယ် အောင်ဝတီစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒဓဇထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး စမ်းချောင်းမြို့နယ်ဥက္ကဋ္ဌ ဦးကျော်သန်းနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)**

ဆက်လက်၍ စမ်းချောင်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဇနကကဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူပြီး ဒေးဒရဲကျောင်းဆရာတော် ဘဒ္ဒန္တတေဇောဘာသက သစ္စာပြုဆုတောင်းထောမနာဂါထာဖြင့် ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ရေနံချောင်းဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယက သာရ အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး ပရိသတ်တို့ကလှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

ဒို့ကျေးရွာ ဂျာနယ် အတွဲ(၄)၊ အမှတ်(၇)ထွက်နေပြီ

ရန်ကုန် ဧပြီ ၄

နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းသည့် မိဿရာသီ တန်ခူးလချိန်ခါ၌ ကံ့ကော်ပန်း၊ ရင်ကပ်ပန်း၊ ပိတောက်ပန်းတို့နှင့်အတူ သင်္ကြန်အချိန်အခါကို ကြိုဆိုလျက် ကျေးလက်ပြည်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေး၊ကျန်းမာရေးနှင့် သုတ၊ရသ၊ ဗဟုသုတအဖြာဖြာတို့ကိုဖော်ပြပေးနေသည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊အမှတ်(၇)ကို ၂၀၀၇ခုနှစ်၊ ဧပြီလ ၁ ရက်က ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် ဒို့ကျေးရွာဝင်ငွေတိုးစေဖို့ မိုးကြိုစပါးစိုက်ကြစို့၊ မြေကျန်းမာရေးအလေးထားပါ၊ ဓာတ်ခွဲခန်းအတွင်း တစ်သျှူးမျိုးပွားနည်းအဆင့်ဆင့် ဖြစ်ထွန်းအောင်မြင်နေသော ပျားလိမ္မော်ခြံစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ဖြည့်စွက် အစာထည့်သွင်း ငါးမွေးမြူခြင်း၊ အန္တရာယ်ကင်း ကြက်သားဟင်း၊ ဆိတ်ဆေးစသည့် မွေးမြူရေးဆောင်းပါးများ၊ အရေးပေါ် ဆေးတစ်ခွက်၊ သဇင်ဥ၏ ဆေးဖက်ဝင်ပုံ၊ ကြံ၏ဂုဏ်သတ္တိများ၊ မုံ့ပျောက်နည်း စသည့် ကျန်းမာရေး ဆောင်းပါးများ၊ ထူးမြတ်သည့် မြန်မာ့ရိုးရာသင်္ကြန်ခါ၊ ကုန်စုံဆိုင်ကြီး၊ ပုသိမ်မြို့၏ဒေသထွက်ကုန် ပုသိမ်ထီးလုပ်ငန်း၊ မြန်မာတို့ချစ်သည့် ကိုရီးယားမင်းသားစသည့် သုတ၊ ရသ၊ ဆောင်းပါးများနှင့် ဗဟုသုတဖြစ်ဖွယ်ရာ သတင်း၊ဝတ္ထုတို၊ပုံပြင်၊ကဗျာ၊ကာတွန်းများ စုံလင်စွာဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့်ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ကျပ် ၁၅၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ပေးပို့နိုင်

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ်-၂၂/၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့ ဖုန်း- ၃၇၁၃၄၀၊ ၃၇၁၃၄၂ သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၄

မွန်စာပေနှင့် ယဉ်ကျေးမှု ကော်မတီ(ရန်ကုန်)က ကြီးမှူး၍ (၃၄)ကြိမ်မြောက် အသက် ၇၅ နှစ်နှင့်အထက် မွန်အဘိုးအဘွားများအား အစဉ်အလာမပျက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၆ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့် အောင်မြင်ကြသော မွန်ကျောင်းသူ၊ ကျောင်းသားများ၊ နွေရာသီ မွန်စာပေသင်တန်းတွင် ဆုရရှိကြသောကျောင်းသူ၊ ကျောင်းသားများအား ဆုချီးမြှင့်ပွဲကို ၁၃၆၉ခုနှစ် ကဆုန်လဆန်း ၂ ရက် (မြန်မာနှစ်ဆန်းတစ်ရက်) ဧပြီ ၁၇ ရက် (အင်္ဂါနေ့)နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသူ၊ ကျောင်းသားများသည် အမှတ်စာရင်း မိတ္တူအထောက်အထားဖြင့် ဧပြီ ၇ရက်နောက်ဆုံးထား၍ နိုင်ကျော်လင်း ရွှေတိဂုံ ဘုရားလမ်းရှိ မွန်ဓမ္မာရုံ ဖုန်း-၃၇၅၅၉၀သို့ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အဘိုးအဘွားများနှင့် တိုင်းရင်းသားမွန်မိသားစုများကြွရောက်ပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

တတိယ လေးလပတ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်း

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၆ ခုနှစ် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို မင်းကင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ၌ ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းမာလာဆွေက ၂၀၀၆ခုနှစ် တတိယလေးလပတ်အစည်းအဝေး အတွေ့အကြုံများကို ထပ်ဆင့်ရှင်းလင်းတင်ပြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကညွတ်ကွင်းမြို့တွင်းလမ်းများဆောင်ရွက်

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်သည် ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ပေးမည့် ကညွတ်ကွင်း မြို့တွင်းလမ်းများအား မတ် ၈ ရက်က လိုက်လံစစ်ဆေးရာ အမှုဆောင်အရာရှိဦးဇန်ကျွမ်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်လေးသန့်က ရှင်းလင်းတင်ပြကြောင်းသိရသည်။ (မြို့နယ်စည်ပင်)

အသက်(၇၅)နှစ်အထက် စစ်မှုထမ်းများ ထောက်ပံ့ငွေပေးအပ်

ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့တွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို)နှင့် ရပ်စောက်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့တို့မှ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ခုနစ်ဦးအား ချီးမြှင့်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို မတ်၁၅ရက်က စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမတွင်ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို)မှ ထောက်ပံ့သော ထောက်ပံ့ငွေကျပ်တစ်သောင်းနှင့် စစ်မှုထမ်းဟောင်းအဖွဲ့မှ ထောက်ပံ့သော ထောက်ပံ့ငွေကျပ် ငါးထောင်စီကို မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးချစ်အေးက ပေးအပ်ချီးမြှင့်သည်။ (မြို့နယ် ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေး ရမည်းသင်းတွင် ဓာတ်တိုက်လေ့ကျင့်

ရမည်းသင်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ် မီးသတ်ဦးစီးဌာနတို့ပူးပေါင်းကျင်းပသည့် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး ဓာတ်တိုက်လေ့ကျင့်ပြသခြင်း အခမ်းအနားကို မတ် ၇ ရက် မွန်းလွဲ၂နာရီက အဆိုပါဈေးကြီးအတွင်းကျင်းပရာ အစီအစဉ်အရ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီးဖြင့် ရေပက်ဖျန်း ပြသခြင်း၊ ဆီလောင်ကျွမ်းမှုအား မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်မှုများကို ဓာတ်တိုက် လေ့ကျင့်ပြသခဲ့ကြောင်း သိရသည်။ (က-ပ)

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ရေဦးမြို့ ပြည်သူ့အားကစားကွင်း မုခ်ဦးရှေ့၌ မတ် ၂၂ရက် နံနက် ၈ နာရီက ကျင်းပရာ အထူးဈေးရောင်းပွဲတော်ကို ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ထွန်းနှင့် စစ်ကိုင်းတိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးထွန်းရွှေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဝင်းမြင့်က အထူးဈေးရောင်းပွဲ တော်မုခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ထို့နောက် တာဝန်ရှိသူများက အမှတ်(၁) စက်မှုဝန်ကြီးဌာန အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုကြကြောင်းသိရသည်။ **(၃၇၈)**

အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် အထိမ်းအမှတ်ဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်၏ ဒသမနှစ်အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် အထိမ်းအမှတ်ဟောပြောပွဲများကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစိုင်းထွန်းဆွန်က ပတ်ဝန်းကျင်သန့်ရှင်းရေးအကြောင်း သိကောင်းစရာများ ဟောပြောသည်။ (မြို့နယ် ပြန်/ဆက်)

အခြေခံ စာရင်းကိုင်သင်တန်း ဖွင့်လှစ်မည်

ရှမ်းပြည်နယ် သမဝါယမ ဦးစီးဌာန၏ စီမံကြီးကြပ်မှုဖြင့် သမဝါယမ သင်တန်းကျောင်း တောင်ကြီးတွင် အခြေခံစာရင်းကိုင်သင်တန်း (Financial Accounting)ကို ဧပြီ ၂ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းချိန်မှာ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

သင်္ကြန်တွင်း တရားစခန်းပွဲများ

မဟာသင်္ကြန် ခုနစ်ရက် တရားစခန်း

မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တပညာသာမိသည် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ် (၁၆)ရပ်ကွက် မြို့ဦးစေတီ ဘုတာရုံ ဓမ္မရိပ်သာကျောင်းတိုက်တွင် ဧပြီ ၁၃ရက်မှ ၁၉ရက်အထိ သင်္ကြန်တွင်းကာလ တရားစခန်းဖွင့်လှစ်မည်ဖြစ်ပါ၍ တရားစခန်းဝင်မည့် ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ဓမ္မစွမ်းရည် မဟာစည်သာသနာ့ရိပ်သာ ၁၀ ရက် တရားစခန်းဖွင့်မည်

မန္တလေးမြို့ လမ်း ၈၀ တရုတ်တန်းနေ ဦးဟန်မြိုင်–သီဟသုဓမ္မသီဂီ ဒေါ်မေသက်မော်(မော်မော်စန်းထိုးမုန့်) တို့က စစ်ကိုင်းတောင်ရိုး ဂေါ်သီတာ ချောင်၌ ဆောက်လုပ်လှူဒါန်းထားသော ဓမ္မစွမ်းရည် မဟာစည်သာသနာ့ရိပ်သာကြီးကို ၁၉၈၉ခုနှစ်မှစ၍ ဆောက်လုပ်လှူဒါန်းပြီး တရားစခန်း ဖွင့်လှစ်ခဲ့ရာ ယခုနှစ် သင်္ကြန် ၁၀ ရက်တရားစခန်း ယောဂီ ၃၅၀ အထိ လက်ခံမည်ဖြစ်သည်။ လာရောက် တရားအားထုတ်လိုသော ရဟန်း၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီးယောဂီများသည် တရားစခန်းကို ဧပြီ ၈ရက် (တန်ခူးလပြည့်ကျော် ၇ ရက်)မှ ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့ ကဆုန်လဆန်း ၂ရက်)အထိ ဖွင့်လှစ်မည်ဖြစ်ရာ ဧပြီ ၉ ရက် အရောက်လာကြရန် နှိုးဆော်ထားကြောင်း သိရသည်။

ကျောက်ရေတွင်း ဝိဇ္ဇာမဂ္ဂင်ကျောင်းတိုက် သင်္ကြန်တွင်း ၁၀ ရက် တရားစခန်း

နှစ်စဉ်ကျင်းပမြဲဖြစ်သော မြောက်ဥက္ကလာပ ကျောက်ရေတွင်း ဝိဇ္ဇာမဂ္ဂင်ကျောင်းတိုက်တွင် ဗုဒ္ဓလမ်းစဉ်အတိုင်း ကျေးဇူးရှင်(ငှက်တွင်း)ဆရာတော်ကြီး ၏ ဥပနိဿယနှင့်အညီ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး၊သိက္ခာသုံးပါးအကျင့်မြတ်တရားကို ဧပြီ ၁၃ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါ၍ ဒုလ္လဘရဟန်း၊ သာမဏေ၊ သီလရှင်ဝတ်လိုသူများနှင့် တရားအားထုတ်လိုသောယောဂီများ သည် ဖုန်း–၆၅၃၀၁၀သို့ ဆက်သွယ်နိုင်ကြောင်းနှင့် ဧပြီ ၁၂ ရက် ညနေ ၄ နာရီအရောက်လာကြပါရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ (မြန်မာ့အလင်း)

တောင်ပိုင်းဒေသနှင့် ဧရာဝတီတိုင်းတို့အား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး အသုတ်ဓာတ်အားခွဲရုံသည် အရေးကြီးသော ဓာတ်အားခွဲရုံဖြစ်

အမြန်ဆုံးပြီးစီးနိုင်ရေး ဝန်ထမ်းအားလုံး ကြိုးစားဆောင်ရွက်

ရန်ကုန် ဧပြီ ၄

အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဧပြီ ၁ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ တစ်နှစ်ပြည့် မင်္ဂလာဆွမ်းကပ်တရားတော်နာယူခြင်း အခမ်းအနားသို့ တက်ရောက်သည်။

နာယူ

အခမ်းအနားကို ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အလုံမြို့နယ်ရုံးချုပ် ခန်းမဆောင်၌ကျင်းပရာ ဝန်ကြီးနှင့် ဌာနအကြီးအကဲများက ရန်ကုန်မြို့ အလုံမြို့နယ် အောင်မင်္ဂလာပါဠိတက္ကသိုလ်ကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုဏ္ဍလထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ပင့်သံဃာတော် ၁၀ ပါးတို့အား လှူဖွယ်ဝတ္ထု၊ သင်္ကန်းတို့ဖြင့် ဆက်ကပ်ပူဇော်ခြင်း၊ အရဏ်ဆွမ်းကပ်လှူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ တရားတော် နာယူကြသည်။

ကြိုးစားဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် ဧရာဝတီ တိုင်း ပုသိမ်ခရိုင် ပုသိမ်–မုံရွာကား လမ်းမ မိုင်တိုင် (၅၅/၅)ရှိ အသုတ် ဓာတ်အားခွဲရုံ တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံ ခန်းမ၌ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံမှာကြားရာတွင် မြန်မာနိုင်ငံ အတွင်း မြောက်ပိုင်းနှင့်တောင်ပိုင်း၊ အရှေ့နှင့်အနောက် ဆက်သွယ် ဓာတ်အားပို့လွှတ်ပေးနိုင်ရန် မဟာဓာတ်အားလိုင်း(National Great) သွယ်တန်းပြီးစီးနေပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဖြူးနိုင်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတောင်ပိုင်းဒေသနှင့် ဧရာဝတီတိုင်းတို့အား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး အတွက် အသုတ်ဓာတ်အားခွဲရုံသည် အရေးကြီးသောဓာတ်အား ခွဲရုံတစ်ရုံ ဖြစ်ကြောင်း၊ ဓာတ်အားခွဲရုံ အမြန်ဆုံး ပြီးစီးနိုင်ရေးအတွက် ဝန်ထမ်းများအားလုံး က စနစ်တကျ ကြိုးစားဆောင်ရွက်သွား စေလိုကြောင်း မှာကြားသည်။

ရှင်းလင်း

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ သည် အသုတ်ဓာတ်အားခွဲရုံ တည် ဆောက်ရေး စီမံကိန်းအတွင်း ထိန်းချုပ်ခန်း၊ ဓာတ်အားဝင်ရောက်မှုကိုထိန်းချုပ် ပေးမည့် Switch Yard အတွင်းရှိ (၃၃.၃၃) KV (SIEMENS) ထရန် စဖော်မာသုံးလုံး တပ်ဆင်ပြီးစီးမှု၊ ကြေးသီး လိုင်းကြိုးများ တပ်ဆင်နေမှု များကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(တောင်ပိုင်း) မန်နေဂျာ ဦးစောဝင်းမောင်နှင့် ခွဲရုံမှူး ဦးဝင်းအောင်တို့က ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်၊ သာပေါင်း၊ ရေကြည်၊ ဟသ်ာတ၊ မြန်အောင်မြို့များသို့ ပို့လွှတ်မည့် ဖီဒါများကိုလည်းကောင်း ကျွမ်းကျင်လုပ်သားများဖြင့် လေးတိုင်စင်နှင့် Double Circuit ကြေးသီး၊ ကြိုး၊ တန်းများ တပ်ဆင်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ အစည်းအဝေးတက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

နေပြည်တော် ဧပြီ ၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၁၁)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ဧပြီ ၁ ရက်က နေပြည်တော်လေဆိပ်မှ ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် အဖွဲ့အား အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ သစ်တောရေးရာ ဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်၊ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ၊ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်း များမှ ဌာန ဆိုင်ရာ အကြီးအကဲများ နှင့် တာဝန်ရှိ သူများက နေပြည်တော် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြ သည်။

လိုက်ပါသွား

မြန်မာကိုယ်စားလှယ် အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးမင်း ထွဋ်ရှလည်း လိုက်ပါသွားသည်။ **(သတင်းစဉ်)**

အလက(၉)အင်းစိန် အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမှတ် (၉)အလက(ယခင်)စိန်ကျော့တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲနှင့် ၁၉၆၅ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဧပြီ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပရန်စီစဉ်ထားသည်။ အလှူငွေပါဝင်လှူဒါန်း လိုသူများသည် ဒေါ်နန်းအိဗာ (အလက–၉၊ အင်းစိန်၊ ကျောင်းအုပ်ကြီး) ဖုန်း–၆၄၀၁၆၉၊ ဦးခင်ချို ဖုန်း–၀၉–၅၁၃၃၁၀၂၊ ၆၆၃၉၁၁၊ ဒေါ်ညွန့်ညွန့်စိန် ဖုန်း–၆၆၆၈၆၅၊ ဦးမြတ်စိုး ဖုန်း–၆၆၆၅၁၅၊ ဒေါ်စီစီမာ ဖုန်း–၆၄၃၈၇၉၊ ဒေါ်အေးမိမိထွေး ဖုန်း–၆၄၃၈၇၉၊ ဒေါက်တာယုယုလွင် ဖုန်း–၅၆၅၇၉၆နှင့် ဦးတင်ထွန်းဦး ဖုန်း–၂၅၅၁၁၆တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(က–ပ)**

လင်းလွန်းပင် ညချမ်း ဓမ္မသဘင်အထူးတရားပွဲ

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် လင်းလွန်းရပ်ကွက်လုံးဆိုင်ရာ လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်အတွင်း တည်ဆောက်လျက်ရှိသော သာသနာ့ဗိမာန်တော်ကြီး အောင်မြင်ပြီးမြောက်ရန် ရည်ရွယ်လျက် အထူးတရားပွဲကျင်းပမည်ဖြစ်ရာ ဧပြီ ၇ရက်တွင် အရှင်ပညာဇောတ(မိုးကုတ်ဓမ္မကထိက) ဆရာတော်၊ ၈ရက်တွင် အရှင်ခေမာသီရိလင်္ကာရ သီတဂူ ကြာတစ်ပွင့် (ရွှေပြည်ဟိန်း) ဆရာတော်၊ ၉ရက်တွင် ဒေါက်တာအရှင်သောပါက (M.A,Ph.D) ဆရာတော် နှင့် ၁၀ရက်တွင် ဒေါက်တာအရှင်ပညိဿရ (B.A,M.A,Ph.D) ဆရာတော်တို့က ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က–ပ)**

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်း ပဋ္ဌာနိကာယ သာသနာ့ဗိမာန် ကျောင်းတိုက်ရှိ နိကာယ်သာသနာတော် ထွန်းကားရေးအသင်း ငွေရတုပဒေသာပင် အတွက် သဃ်န်းကျွန်း မြို့နယ် ရတနာလမ်းနေ ဦးပန်–ဒေါ်လှလှ၊ သားကိုအောင်အောင် (အောင်အောင် ဆံပင်မိတ်ကပ်) မိသားစုတို့က အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာအသင်းဥက္ကဋ္ဌဦးသောင်းလွင် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။ (က–ပ)

ဒဂုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ နယ်လှည့် စာကြည့်တိုက်၊ နံရံကပ် စာစောင်၊ ဓာတ်ပုံ ပြပွဲနှင့် ဟောပြောပွဲကို မတ် ၂၃ရက်က ယောမင်းကြီး ရပ်ကွက် ရုံး၌ ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်နုနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး အုတ်တွင်း ချဉ်ပေါင်ပျော့ဖတ်စက်ရုံစီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၄

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧပြီ ၂ရက် ညနေပိုင်းတွင် ပဲခူးတိုင်း တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအနီးရှိ အုတ်တွင်း ချဉ်ပေါင်ပျော့ဖတ် စက်ရုံစီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းမန်နေဂျာ ဦးကိုလေးက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ဂုန်လျှော်နှင့်လျှော်မျှင်များလုပ်ငန်းဌာနမှ ချဉ်ပေါင်လျှော်အစိမ်းခွာကို အဓိက ကုန်ကြမ်းအဖြစ်အသုံးပြု၍ ချဉ်ပေါင်ပျော့ဖတ်နှင့် စက္ကူစသည့် တန်ဖိုးမြှင့်ထုတ်လုပ်သွားမည့် လုပ်ငန်းစီမံချက်နှင့် စက်များတပ်ဆင်နေမှုတို့ကို ရှင်းလင်းတင်ပြရာ အထွေထွေမန်နေဂျာ ဦးရဲခေါင်က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ဝန်ကြီးက စက်ရုံတည်ဆောက်မှုလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေး၊ စမ်းသပ်လည်ပတ်သည့်ကာလအတွင်း သတ်မှတ်ချက်အတိုင်း အရည်အသွေး ပြည့်ဝသောထုတ်ကုန်များ စွမ်းအားပြည့်ထုတ်လုပ်နိုင်ရန် ဦးတည်ဆောင်ရွက်ရေး၊ လေလွင့်ဆုံးရှုံးမှုနည်းပါးရေး၊ လုပ်ငန်းခွင် လုံခြုံရေး၊ ဝန်ထမ်းများနှင့် စက်ရုံလုပ်သားများအတွက် သက်သာချောင်ချိမှုရရှိရန် ဆောင်ရွက်ရေး၊ စက်ရုံဝန်းကျင်ဒေသတွင် လိုအပ်သောကုန်ကြမ်းများ စိုက်ပျိုးထုတ်လုပ်ရေးအတွက် မှာကြားကာ စက်ရုံ၏လိုအပ်ချက်များကို သက်ဆိုင်ရာ ဌာနတာဝန်ခံများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံရှိပျော့ဖတ်သန့်စင်ဌာန၊ ချက်အိုးဌာန၊ ပျော့ဖတ်အချပ်ထုတ်လုပ်သည့်ဌာန၊ ဓာတ်အားခွဲစက်ရုံစက်မှုစက်ပြင်ဌာန၊ သုတေသနဓာတ်ခွဲခန်းတို့ကိုကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဓိကကုန်ကြမ်း

အုတ်တွင်း ချဉ်ပေါင်ပျော့ဖတ်စက်ရုံ ချဉ်ပေါင်လျှော်အစိမ်းခွာခြောက်ကို အဓိကကုန်ကြမ်းအဖြစ်အသုံးပြု၍ တစ်ရက်လျှင် ချဉ်ပေါင်ပျော့ဖတ် ၁၅ မက်ထရစ်တန်နှုန်းဖြင့် တစ်နှစ်လျှင် ချဉ်ပေါင်ပျော့ဖတ် မက်ထရစ် တန် ၅၀၀၀ ထုတ်လုပ်နိုင်ရန်အတွက် တည်ဆောက်နေခြင်းဖြစ်ပြီး မကြာမီကာလအတွင်း စမ်းသပ် လည်ပတ်နိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး အုတ်တွင်းမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအနီးရှိ အုတ်တွင်း ချဉ်ပေါင် ပျော့ဖတ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(လယ်ယာ/ဆည်မြောင်း)

အမှာစကား ပြောကြား

နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် သတ္တမအကြိမ် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ လေးနိုင်ငံ ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(နိုင်ငံခြားရေး)

ဒုတိယဝန်ကြီးဦးမောင်မြင့် ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဧပြီ ၄

သတ္တမအကြိမ် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ လေးနိုင်ငံ ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ် အစည်းအဝေးကို မတ် ၃၁ ရက်မှ ဧပြီ ၁ ရက်အထိ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့၌ ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ဧပြီ ၃ ရက်တွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

ပြန်လည်လိုက်ပါ

ဒုတိယဝန်ကြီးနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇော၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသာအောင်ညွှန့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်သီဟတို့ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဆင်း

ရန်ကုန် ဧပြီ ၄

တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်ခဲ့သော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်းဆင်းပွဲကို ဧပြီ ၁ရက် နံနက် ၉နာရီက အလက (၃) တာမွေကျောင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးအေးမြင့်နှင့် အလုပ်အမှုဆောင်များ၊ တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစိန်မောင်ဝင်း၊ မြို့နယ်အသင်းအတွင်းရေးမှူး ဒေါ်လဲ့လဲ့ဝင်းဆွေနှင့် အလုပ်အမှုဆောင်များ၊ သင်တန်း နည်းပြဆရာများ၊ သင်တန်းထူးချွန်ဆုရရှိသူများ၊ အသင်းဝင်များ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ ရန်ကုန်တိုင်း အသင်းအတွင်းရေးမှူးဦးအေးမြင့်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး ထူးချွန်ဆုရရှိသူများ၊ သင်တန်းနည်းပြဆရာများအား ဆုနှင့်လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

လှူဒါန်း

သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ရန်ကုန်တိုင်း အသင်းအတွင်းရေးမှူး ဦးအေးမြင့်ထံသို့ အမှတ်(၄၇) ၁၆၅ လမ်း တာမွေကြီး(ခ)ရပ်ကွက်နေ သီရိသုခမ္မသီဂီဒေါ်ခင်ဆွေဦးနှင့် အလှူရှင်များက အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

သာယာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

The Commerce Journal အတွဲ(၇)၊ အမှတ်(၇)ဖြန့်ချိ

ရန်ကုန် ဧပြီ ၄

The Commerce Journal အတွဲ(၇)၊ အမှတ်(၇)ကို ယနေ့ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

အဆိုပါဂျာနယ်တွင် ယူနန်ပြည်နယ်နှင့် ကုန်သွယ်မှုပမာဏများပြားလာ၊ မြန်မာ့လက်ရက်ထည်နှင့် လက်မှုပစ္စည်း ဂျပန်ဈေးကွက် ထိုးဖောက်ရေးအခြေအနေ၊ ဈေးကောင်းရနေသည့် ဝါးခယ်မ ပဲတီစိမ်း၊ အင်ဒိုနီးရှားက မြန်မာ့ပို့ကုန် အမယ် ၁၇၀ အပေါ် အခွန်သက်သာခွင့်ပေး၊ မြန်မာလုပ်ငန်းရှင်များ ပြည်ပနိုင်ငံများတွင် ရုံးခွဲဖွင့်လှစ်ရေးအတွက် သိသင့်သည့်အချက်များ၊တရုတ်၊အိန္ဒိယနဲ့ ထိုင်းနိုင်ငံများသို့ အရောင်းသွက်နေတဲ့ ငါးပုတ်လုံး၊ မြိတ်ဒေသတွင် ပြည်ပပို့ကဏန်းအရည်ပျော့လုပ်ငန်း ဖွံ့ဖြိုးလာ၊ တရုတ်ဗဟိုဘဏ်၏ ငွေကြေး ပေါ်လစီ၊ စတော့အိပ်စ်ချိန်းနဲ့ပစ္စည်းပိုင်ဆိုင်မှု ဘယ်ဒင်းအရေးကြီးသလဲ၊ ခြမ့်ဗီဝလောင်စာ၊ အာရှတန်ဖိုး၊ တရုတ်ပို့ကုန်အထောက်အပံ့ အဆုံးသတ်၊ စီးပွားရေးအတွက် အသုံးဝင်သော ဗာဒံသီး၊ အကောင်းဆုံးအာရှလုပ်ငန်းရှင်၊ ယွန်းနာယောင်းနှင့် ဂျီယို တို့အကြောင်း သတင်းများနှင့်အတူ မောင်စူးစမ်း၊ ဦးဟန်ထွန်း၊ အောင်သင်း၊ မောင်တိုင်ပင်၊ ဒေါက်တာခင်မောင်ညို၊ ကြည်ရွှန်း၊ မောင်ပုဆိုးကြမ်း၊ သိန်းမြသိန်း၊ ကြည်ခင်တို့၏ စီးပွားရေးဆောင်းပါးများ၊ ပို့ကုန်သွင်းကုန်ဈေးနှုန်းများ၊ ပြည်တွင်းပြည်ပ ဈေးကွက်သတင်းများ၊နယ်စပ်ကုန်သွယ်ရေးသတင်းများ၊ ရန်ကုန်မြို့၏ စားကုန်နှင့် လူသုံးကုန်ဈေးနှုန်းစာရင်းဇယားများကို သတင်းအချက်အလက်ခိုင်ခိုင်မာမာ၊ ဝေဝေဆာဆာဖြင့် ထုတ်ဝေဖြန့်ချိထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ်နှင့် ယူနန်ကုန်သည်များအသင်း တွေ့ဆုံဆွေးနွေး

ရန်ကုန် ဧပြီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်းနှင့် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်တို့အား မတ် ၃၀ ရက် နံနက် ၉ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကုန်သည်များအသင်းမှ ဒုတိယဥက္ကဋ္ဌ Ms. Zheng Lu နှင့် ဒုတိယညွှန်ကြားရေးမှူး Mr. Xu Qiang တို့သည် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြပြီး ၂၀၀၇ ခုနှစ် ဇွန် ၄ရက်နှင့် ၅ ရက်တို့တွင် ယူနန်ပြည်နယ် ကူမင်းမြို့၌ The First Meeting of UMFCCI-YPCC Econony and Trade Cooperation Forum ကျင်းပနိုင်ရေးကိစ္စ၊ ဖိုရမ်သို့အစိုးရဌာနများမှ ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်နိုင်ရေးအတွက် စည်းရုံးဆောင်ရွက်ပေးရန် ကိစ္စနှင့် နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် စီးပွားရေးစီမံကိန်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၅-၄-၂၀၀၇ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅ ၇။ တံတားမြစ်ငယ်အသစ်သွယ်လူမှုစီးပွားကြွယ်
၈:၁၅ ၈။ ခါသကြိန်အဆိုအကများ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒ၊ သတ္တဗေဒ အထူးပြုများ) [ရူပဗေဒ]
၁၇:၀၀ ၅။ တေးဂီတအစီအစဉ်
၁၇:၁၀ ၆။ **"စည်းကမ်းလိုက်နာဘေးကင်းမှာ"** ကျော်ရဲအောင်၊ ချစ်သု၊ ဇော်ဝင်းမောင်၊ မော့စ်၊ လင်းဇာနည်ဇော်၊ ပွင့် [ဒါရိုက်တာ-ခင်ဇော်၊ မြင့်စိုး(ဝ/သ ရန်ကုန်)]
၁၇:၂၀ ၇။ လှပဝင့်ကြွား ဖောင်တော်ကြီးဆိပ်ခံတံတား
၁၇:၃၀ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၇:၄၅ ၉။ ခါသကြိန်အဆိုအကများ
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သီရိဂေဟာ
၁၉:၀၀ ၁၃။ Discovery
၁၉:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ်ရွက်ကလေး၏ရင်ခုန်သံ"** (အပိုင်း-၁၂)
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာရွှေဦး"**(အပိုင်း-၂၅)

* ရှေ့ဖုံးမှ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဘားအံမြို့ ဂေါက်ကလပ်အနီး၌ ကျင်းပသော ကရင်ပြည်နယ် ခြံစည်းရိုးကြက်ဆူပျိုးပွဲသို့ တက်ရောက်အားပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ခြံစည်းရိုးကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များကို ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာလူ၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်စိန်နှင့် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောထားလုံတို့အား အသီးသီး ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးတို့က ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများထံ ခြံစည်းရိုးကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များကို အသီးသီးပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ခြံစည်းရိုးကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးအိတ်များအတွင်း ပျိုးထောင်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ပျိုးခြံအတွင်း ခြံစည်းရိုးကြက်ဆူ စပေါင်းပျိုးထောင်နေကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ဆက်လက်စိုက်ပျိုး

ကရင်ပြည်နယ် ခြံစည်းရိုးကြက်ဆူပျိုးပွဲတွင် ပျိုးပင်ပေါင်း ၁၈၀၀၀၀ ကို စုပေါင်းပျိုးထောင်ကြခြင်းဖြစ်ပြီး ယခင်က ပျိုးထောင်ထားရှိပြီးသော အပင်အရေအတွက်မှာ ၃၆၀၀၀၀ ဖြစ်သည်။ ကရင်ပြည်နယ်တွင် ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူဧက ၅၀၀၀၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၀၆ ခုနှစ်တွင် ၈၆၇၅၃ ဧကစိုက်ပျိုးခဲ့ပြီး ၂၀၀၇ ခုနှစ်အတွက် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက် ၈ နာရီတွင် ဘားအံတက္ကသိုလ်သို့ ရောက်ရှိကြပြီး ဘားအံတက္ကသိုလ်စုဝေးခန်းမ၌ ဘားအံတက္ကသိုလ်မှ ဆရာ ဆရာမများ၊ အခြေခံပညာအထက်တန်းဓာတုဗေဒနှင့် ဇီဝဗေဒသင် ဆရာ ဆရာမများ၊ မွမ်းမံသင်တန်း တက်ရောက်နေကြသော အခြေခံပညာ ဆရာ ဆရာမများအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားရာတွင် အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ၊ ပညာရည်ပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းရေးတွင် ပညာရေးကဏ္ဍမှ ဆရာ ဆရာမများ၏ သင်ကြားပို့ချမှု စွမ်းရည်မြင့်မားရေးပေါ်တွင် တည်မှီကြောင်း၊ ထို့ကြောင့် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများကို ဖွင့်လှစ်ပို့ချပေးနေခြင်း ဖြစ်ကြောင်း၊ ဆရာ ဆရာမများ၏ သင်ကြားပို့ချမှု စွမ်းရည်မြင့်မားအောင် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများဖွင့်လှစ်ပို့ချရခြင်းဖြစ်ရာ ဆရာ ဆရာမများအနေဖြင့် မိမိတို့၏တပည့်များအား နိုင်ငံတော်က အားထားရသည့် ကိုယ်ကျင့်တရား ကောင်းမွန်၍ အသိပညာ၊ အတတ်ပညာ စွမ်းရည်မြင့်မားသော သားကောင်း သမီးမွန်များဖြစ်လာအောင် ယခုဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းတွင် သင်ကြားပို့ချမှုများကို ကြိုးစားသင်ယူ၍ ပြန်လည်ပို့ချသင်ကြားပေးကြရန် အလေးထားမှာကြားလိုကြောင်းဖြင့် ပြောကြားပြီး သင်တန်းတက်ရောက်နေသော အခြေခံပညာ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဘားအံမြို့ရှိ ပြည်နယ် ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိကြရာ ဆေးရုံရှိ ပြင်ပလူနာဌာနနှင့် အထူးဆေးဆိုင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ပြည်နယ် ပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဆေးကုသမှုခံယူနေကြသော ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်ကာ သက်ဆိုင်ရာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဆေးရုံအုပ်ကြီး အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံရာ ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး) ဒေါက်တာကျော်ညွှန့်စိန်က ကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပဏာမ ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဘားအံမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသို့ ရောက်ရှိ၍ သင်တန်းကျောင်းခန်းမ၌ သင်တန်းသူများအား တွေ့ဆုံမှာကြားပြီး သူနာပြုသင်တန်းကျောင်းအတွက် ငွေကျပ် ၅၀၀၀၀၀ ကို ကျောင်းအုပ် ဒေါ်ခင်စောမူထံ ပေးအပ်ကာ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဘားအံခရိုင်အတွင်းရှိ ခရိုင်နှင့်မြို့နယ် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ကရင်ပြည်နယ်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးရေးကဏ္ဍများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့နယ် တရုတ်လှစ်ပြကျေးရွာရှိ ဘားအံမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့၏ နွေစပါးဆင်းသွယ်လတ် ဧက ၂၀ စံပြစိုက်ခင်း၌ ကျင်းပသော နွေစပါး မြေသြဇာကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးက စံပြစိုက်ခင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် စိုက်ခင်းအတွင်း မြေသြဇာ ကြဲပက်နေမှုနှင့် နွေစပါး စိုက်ခင်း၌ ဆင်းသွယ်လတ်စပါး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဘားအံ မော်လမြိုင် ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့နယ် နောင်တလုံးကျေးရွာအုပ်စု မူးကဝါကျေးရွာ၌ ကျင်းပသော မူးကဝါ–ကော့သံခါ ကျေးရွာချင်းဆက် လမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဆက်လက်၍ ကျေးရွာမှ ဒေသခံတိုင်းရင်းသားတစ်ဦးက နိုင်ငံတော်အား ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးတို့အား မူးကဝါ–ကော့သံခါ ကျေးရွာချင်းဆက်လမ်း ဖြစ်မြောက်ရေးကော်မတီဝင် ဦးလွန်းအောင်က လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပေးအပ်သည်။

ထို့နောက် မူးကဝါ–ကော့သံခါ ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုးဂဝံလမ်းသစ်အား ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် ဘားအံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောမြတ်ထွဋ်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လမ်းသစ်ဖွင့်ပွဲမှတ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘားအံ–မော်လမြိုင် ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် မော်လမြိုင်စက်မှုဇုန် ကြီးကြပ်ရေးကော်မတီရုံးသို့ ရောက်ရှိကြသည်။

အကြံပြု

ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များအား မော်လမြိုင်စက်မှုဇုန် ကြီးကြပ်ရေးကော်မတီမှ ရဲမှူးကြီး တင်သိန်းဟန်က မော်လမြိုင်စက်မှုဇုန်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စက်မှုလုပ်ငန်းရှင်များက စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြု တင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်စက်မှုဇုန်ရှိ ရွှေဟသာ(စက်ရုံ)၊ King ရော်ဘာကြိတ်စက် ထုတ်လုပ်ရေးစက်ရုံ၊ သီဟမာန်သုံးဘီးဆိုင်ကယ်စက်ရုံ၊ စိန်ကြယ်မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံနှင့် ခရော့မ်ရော်ဘာစက်ရုံတို့၌ လုပ်ငန်းဆောင်ရွက်နေမှုအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံပိုင်ရှင်အသီးသီးတို့က စက်ရုံများအလိုက် လိုက်လံရှင်းလင်းပြသကြသည်။

ထုတ်လုပ်

မော်လမြိုင်စက်မှုဇုန်မှ ၂၀၀၆–၂၀၀၇ ခုနှစ်တွင် မော်တော်ယာဉ်ထုတ်လုပ်ခွင့်စီးရေ ၆၃၀ အနက် ၃၀၄ စီး ထုတ်လုပ်ပြီးစီးပြီး King ရော်ဘာကြိတ်စက်ရုံမှ ရော်ဘာကြိတ်စက်များကို ထုတ်လုပ်လျက်ရှိသည်။

ထိုနည်းတူ ခရော့မ်ရော်ဘာစက်ရုံမှ ရော်ဘာကုန်ကြမ်းကို အခြေခံသော သွင်းကုန်အစားထိုး ကုန်ပစ္စည်းများ ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မော်လမြိုင်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဆရာတော်များနှင့် သင်ကြား/စီမံဆရာတော်များအား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာတော်ဆိုင်ရာများကို လျှောက်ထားစဉ်။ (သတင်းစဉ်)

သာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ ဆရာတော်များအား ဝန်ကြီးဗိုလ်မှူးချုပ်သူရ မြင့်မောင် သာသနာရေးဆိုင်ရာများ လျှောက်ထား

ရန်ကုန် မေ ၄

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဆရာတော်များနှင့် သင်ကြား/စီမံဆရာတော်များအား ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများလျှောက်ထားခြင်းကို ယနေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပရာ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိ အမှူးပြုသော ဆရာတော်များကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

သြဝါဒကထာနာယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ ဝန်ကြီးနှင့် ပရိသတ်များက သြဝါဒကထာ နာယူကြသည်။

လျှောက်ထား

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာတော်ဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က နိဂုံးချုပ်သြဝါဒကထာ မြွက်ကြားပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ဟော်ကီအားကစားဝတ်စုံများလှူဒါန်း

ရန်ကုန် မေ ၄

မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေး အားကစားကဏ္ဍမြှင့်တင်ရေးအစီအစဉ်အရ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် သိမ်ဖြူ ဟော်ကီအားကစားကွင်း၌ တည်ဆောက်လျက်ရှိသော ခေတ်မီမြက်ခင်းတု ဟော်ကီအားကစားကွင်းသည် ယခုအခါ ပွဲကြည့်စင်မှအပ ကျန်ဆောက်လုပ်ရေးလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်သည့်အတွက် မကြာမီကာလအတွင်း ဖွင့်ပွဲအခမ်းအနားကို ယင်းခေတ်မီမြက်ခင်းတု ဟော်ကီအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ခေတ်မီ မြက်ခင်းတု ဟော်ကီအားကစားကွင်း ဖွင့်ပွဲအခမ်းအနားတွင် ဟော်ကီသရုပ်ပြ ကစားပြသမည့် မျိုးဆက်သစ်လူငယ် ဟော်ကီအသင်း နှစ်သင်းနှင့် ၂၀၀၇ ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဟော်ကီ အားကစားပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသော ပဏာမ မြန်မာ့လက်ရွေးစင် ဟော်ကီနှစ်သင်းတို့ ဝတ်ဆင်ရန်အတွက် ဟော်ကီအားကစားဝတ်စုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂ရက် ညနေပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဟော်ကီ အားကစားကွင်း၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လတ်(တုန်းတာကုမ္ပဏီ)နှင့် အမှုဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ငွေကျပ်ငါးသိန်း တန်ဖိုးရှိသော အားကစားဝတ်စုံများကို JUST FASHIN ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လက်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံ JUST FASHIN ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းက ဟော်ကီအားကစား ဝတ်စုံများ ပေးအပ်လှူဒါန်းစဉ်။ (ဟော်ကီအဖွဲ့ချုပ်)

အာဟာရကျွေးမွေး

တောင်ဥက္ကလာပမြို့နယ် ဘုန်းတော်ကြီးသင် သာသနာ့ရက္ခိတ အခြေခံပညာ မူလတန်းကျောင်းတွင် မတ် ၂၈ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းနှင့် အဖွဲ့ဝင်များ မိဘမဲ့ကလေးများအား အာဟာရကျွေးမွေးစဉ်။ (၄၀၀)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅–၄–၂၀၀၇ (ကြာသပတေးနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅ နိဗ္ဗာန်ဆိုတာတကယ်ရှိတယ် တရားတော် (ရွှေမိုးညိုဆရာတော်အရှင်ဇာနေယျ)
- ၈း၀၀ ဓာတ်ပုံမှတစ်ဆင့် ရရှိခံစားရသများ
- ၈း၃၀ ခါသကြံန်အဆိုအက
- ၈း၃၅ ပြည်တွင်းအနုပညာရေးရာ
- ၉း၀၅ ခါသကြံန်အဆိုအက
- ၉း၁၀ ကလသာပူရ၏ နှလုံးသားပဲ့တင် သံ
- ၉း၂၅ တေးဂီတအစီအစဉ်
- ၉း၃၀ ပြည်တွင်းသတင်းအကျဉ်း
- ၉း၄၀ Celebrity Style (သရုပ်ဆောင်ရတနာပုံနှင့် တွေ့ဆုံခြင်း)
- ၁၀း၁၅ ခါသကြံန်အဆိုအက
- ၁၀း၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၂၅ ယနေ့သိပ္ပံနှင့်နည်းပညာ
- ၁၀း၄၀ ခါသကြံန်အဆိုအက
- ၁၀း၄၅ အမျိုးသမီးများတွင် အဖြစ်များတတ်သော ကင်ဆာရောဂါများ (သားအိမ်ခေါင်းကင်ဆာ၊ သားမြတ်ခေါ် ရင်သားကင်ဆာ) (ဒေါက်တာသီတာစန်း)
- ၁၀း၅၅ မိုးလေဝသခန့်မှန်းချက်
- ၁၁း၀၀ အားလပ်ချိန်မှာ အကျိုးရှိစွာပညာရှာ (Little Artists ပန်းချီသင်တန်းကျောင်း)
- ၁၁း၂၀ ခါသကြံန်အဆိုအက
- ၁၁း၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၃၅ ခါသကြံန်အဆိုအက
- ၁၁း၄၀ သဘာဝဘေးအန္တရာယ်ကာကွယ်မှုနှင့် မြန်မာနိုင်ငံ(အပိုင်း–၁)
- ၁၂း၁၀ ခါသကြံန်အဆိုအက
- ၁၂း၁၅ သစ်သီးဝလံပေါပြည့်ဝေဆာတို့မြေမှာ(ပျားလိမ္မော်)
- ၁၂း၃၅ တေးဂီတအစီအစဉ်
- ၁၂း၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၄၀ သွားမယ်၊ စားမယ် (California Cake & Bakery)
- ၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ လကမ္ဘာသို့စေလွှတ်မည့် ပထမဆုံး လူလိုက်ပါခြင်း မရှိသည့် လကမ္ဘာသွားအာကာသယာဉ်ကို မေ ၂ ရက်က ပြသထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လကမ္ဘာစူးစမ်းလေ့လာရေး အာကာသယာဉ် ရှန်ဟိုင်းမြို့၌ ပထမဆုံးထုတ်ဖော်ပြသ

ရှန်ဟိုင်း မေ ၄

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ၂၀၁၂ ခုနှစ်တွင် လကမ္ဘာသို့စေလွှတ်မည့် ပထမဆုံး လူလိုက်ပါခြင်းမရှိသော အာကာသယာဉ်ကို တရုတ်သိပ္ပံပညာရှင်များက ရှန်ဟိုင်းမြို့၌ မေ ၂ ရက်က ထုတ်ဖော်ပြသခဲ့သည်။ (အပေါ်ပုံ)

အဆိုပါ လကမ္ဘာသွားအာကာသယာဉ်သည် အမြင့်ငါးပေရှိပြီး အလေးချိန် ကီလိုဂရမ် ၂၀၀ လေးသည်။ ၎င်းသည် လမျက်နှာပြင်မှ မြေများကို တူးဆွလေ့လာနိုင်သကဲ့သို့ လ၏သုံးဖက်မြင် ပုံများကိုလည်း ထုတ်ယူနိုင်စွမ်းရှိသည်ဟု ဆိုသည်။

တီထွင်လျက်ရှိ

ယင်း လစူးစမ်းလေ့လာရေးယာဉ်ကို ရှန်ဟိုင်းအာကာသစနစ် အင်ဂျင်နီယာကျောင်းမှ အင်ဂျင်နီယာများက တီထွင်ထုတ်လုပ်လိုက်ခြင်း ဖြစ်သည်။ တရုတ်နိုင်ငံပေကျင်းနှင့် အခြားနေရာများ၌လည်း အလားတူ လစူးစမ်းလေ့လာရေးယာဉ်ကို တီထွင်လျက်ရှိကြောင်း သိရသည်။

စေလွှတ်လေ့လာ

ယင်းတို့အနက်မှ အကောင်းဆုံးလ စူးစမ်းလေ့လာရေးယာဉ်ကို ၂၀၁၂ခုနှစ်တွင် လကမ္ဘာသို့ စေလွှတ်လေ့လာမည်ဖြစ်ကြောင်း သိရသည်။

အဆင့်သုံးဆင့်

တရုတ်နိုင်ငံသည် လကမ္ဘာစူးစမ်းလေ့လာခြင်းကို အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ ယခုနှစ်ကုန်ပိုင်းတွင်လကို လှည့်ပတ်မည့် အာကာသယာဉ်ကို စေလွှတ်မည်ဖြစ်ပြီး ယင်းနောက် ယခုတီထွင်လိုက်သည့် အာကာသယာဉ်ကို စေလွှတ်မည်ဖြစ်သည်။ ယင်းနောက် ၂၀၂၀ပြည့်နှစ်တွင် လူသားများလကမ္ဘာတွင် ခြေချသွားနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

မော်တော်ကားပုံ သဲပန်းပုရုပ်တု

စပိန်နိုင်ငံ ဘာစီလိုနာမြို့ရှိ ပင်လယ်ကမ်းခြေတွင် ပြုလုပ်ထားသည့် မော်တော်ကားပုံ သဲပန်းပုရုပ်တုကို မေ ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယခုနှစ် ပထမလေးလအတွင်း ဗီယက်နမ် ဓာတ်မြေဩဇာများ ပိုမိုတင်သွင်းခဲ့

ဟနွိုင်း မေ ၄

ဗီယက်နမ်နိုင်ငံ အနေဖြင့် ယခုနှစ် ပထမလေးလတာ ကာလအတွင်း ဓာတ်မြေဩဇာ တန်ချိန် ၇၁၄၀၀၀တန်ကို တင်သွင်းခဲ့ရကြောင်း၊ ငွေကြေးပမာဏမှာ အမေရိကန်ဒေါ်လာ ၁၄၉ သန်းခန့်ရှိကြောင်း ဗီယက်နမ်နိုင်ငံ ဗဟိုစာရင်းအင်းရုံးက မေ ၂ ရက်၌ ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ဇန်နဝါရီနှင့်မတ်လအကြား အမေရိကန် ဒေါ်လာ ၂၉သန်းတန်ဖိုးရှိသော ယူရီးယား ဓာတ်မြေဩဇာ တန်ချိန် ၁၁၄၀၀၀ တန်ကို တရုတ်၊ အင်ဒိုနီးရှား၊ ရုရှားနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများမှ တင်သွင်း ခဲ့ရသည်။

ခန့်မှန်း

ဗီယက်နမ်နိုင်ငံသည် ၂၀၀၇ခုနှစ်အတွက် ယူရီးယားဓာတ်မြေဩဇာ ၁၃သမ၈သန်း အပါအဝင်ဓာတ်မြေဩဇာတန်ချိန် ၇၁သမ၉သန်းခန့် လိုအပ်မည်ဟု ခန့်မှန်းထားသည်။

ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းမှ ဓာတ်မြေဩဇာ ထုတ်လုပ်နိုင်မှုမှာ တန်ချိန် ၄၁သမ၇သန်းခန့်သာရှိရာ ပြည်ပမှ ဖြည့်တင်းဝယ်ယူရကြောင်း ဗီယက်နမ်နိုင်ငံ၏ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

မြင့်တက်ခဲ့

ဗီယက်နမ်နိုင်ငံသည် ၂၀၀၆ ခုနှစ်က ဓာတ်မြေဩဇာတန်ချိန် သုံးသန်းကျော်ခန့် တင်သွင်းခဲ့ရပြီး ၂၀၀၅ခုနှစ်ကထက် ၅၁သမ၉ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ၂၀၀၆ ခုနှစ်က ဓာတ်မြေဩဇာအတွက် ငွေကြေးသုံးစွဲရမှုမှာ အမေရိကန် ဒေါ်လာ ၆၇၃ သန်း ရှိခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘင်္ဂလားဒေ့ရှ်၌ ကြက်ငှက်တုပ်ကွေး ကူးစက်ပျံ့နှံ့

ဒါကာ မေ ၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယခုသီတင်းပတ်အတွင်း ကြက်ခြံ ငါးခြံထက်မနည်း ကြက်ငှက် တုပ်ကွေးရောဂါပိုး ကူးစက်ခြင်းခံရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

H_5N_1ဗိုင်းရပ်စ်ပိုးကို ဒါကာမြို့အနီးရှိ ကြက်ခြံတစ်ခြံ၌ စတင်တွေ့ရှိခဲ့ကြောင်း၊ ယခုအချိန်အထိ H_5N_1ဗိုင်းရပ်စ်ပိုး ကူးစက်ခြင်းခံရသော ကြက်ခြံပေါင်း ၂၁ ခြံရှိသွားပြီဖြစ်ကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောကြားသည်။

ယခုအချိန်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းတွင် H_5N_1ဗိုင်းရပ်စ်ပိုး လူများသို့ ကူးစက်ခြင်းမရှိသေးကြောင်း သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ကနေဒါနိုင်ငံ နယူးဖောင်လန်မြို့ရှိ ချော့ဇ်ဆိပ်ကမ်းတွင် ရေများ အေးခဲနေသဖြင့် သင်္ဘောများ ထွက်ခွာ၍ မရဖြစ်နေသည်ကို မေ ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယား ဝန်ကြီးချုပ်သစ်ရွေးချယ်

ဆိုးလ် မေ ၄

တောင်ကိုရီးယား အမျိုးသားလွှတ်တော်က မေ ၂ ရက်က ဘဏ္ဍာရေးဝန်ကြီးဟောင်း ဟန်ဒတ်ဆိုးအား ယင်းနိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်ရန် သဘောတူညီလိုက်သည်။

တာဝန်ထမ်းဆောင်မည်

၎င်းသည် ဒီဇင်ဘာလ သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် နုတ်ထွက်သွားသော ဝန်ကြီးချုပ် ဟန်မီယွန်ဆွတ်နေရာတွင် အစားထိုး တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။ အမ်အင်န်အေ၊ဆင်ဟွာ

အသည်းနှင့်ကျောက်ကပ် ကုထုံးသစ်တွေ့ရှိ

လော့စ်အိန်ဂျလိစ် မေ ၄

အမေရိကန်နှင့် ဂျပန်နိုင်ငံတို့မှ သိပ္ပံပညာရှင်များသည် အသည်းနှင့်ကျောက်ကပ်ပျက်စီးခြင်းမှ ကုသပေးနိုင်သည့် နည်းလမ်းသစ်တစ်ရပ်ကို တွေ့ရှိထားကြောင်း ဧပြီလထုတ် ဆေးသုတေသန စာတမ်းတစ်စောင်၌ ဖော်ပြထားသည်။

အလွန်များပြား

ထောင်ပေါင်းများစွာသော အသည်းနှင့်ကျောက်ကပ်ဝေဒနာရှင်များသည် ယင်းတို့၏ သွေးအတွင်း အမိုးနီးယားပမာဏ အလွန်များပြားခြင်းကြောင့် သေဆုံးရခြင်းဖြစ်သည်။

တွေ့ရှိခဲ့

သိပ္ပံပညာရှင်များက လူ့သွေးကြောများအတွင်း အမိုးနီးယားဓာတ်ကို စစ်ထုတ်ပေးနိုင်သည့် ပရိုတိန်းဓာတ်တစ်မျိုးကို တွေ့ရှိခဲ့ပြီဖြစ်ကြောင်း၊ ယင်းကုထုံးဖြင့် အသည်းနှင့် ကျောက်ကပ် ဝေဒနာရှင်များအား ကုသပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ထိုင်းပြည်သူ ရှစ်သန်းကျော် မိုးခေါင်မှုကြုံတွေ့နေ

ဗန်ကောက် မေ ၄

ထိုင်းနိုင်ငံ ခရိုင် ၅၈ ခုရှိ ပြည်သူ ၈ ဒသမ ၂ သန်းကျော်တို့သည် ယခုလတွင် အပူချိန်အမြင့်ဆုံးသို့ရောက်ရှိပြီး မိုးခေါင်မှုဒဏ်ကို ခံစားကြုံတွေ့နေရကြောင်း သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အနုချာမွတ်ခါဗက်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဝါရှင်တန်တက္ကသိုလ်၌ ပစ်ခတ်မှုကြောင့် နှစ်ဦးသေဆုံး

ဝါရှင်တန် မေ ၄

အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်၌ မေ ၂ ရက်က လူနှစ်ဦးသေနတ်ဖြင့် ပစ်ခတ်ခံရပြီး သေဆုံးသွားကြောင်း မီဒီယာများက ဖော်ပြသည်။

ဖြစ်ပွား

အဆိုပါ သေဆုံးသူများမှာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးဖြစ်ပြီး တက္ကသိုလ်၏ ဗိသုကာအဆောက်အအုံ စတုတ္ထထပ်၌ ပစ်ခတ်မှုဖြစ်ပွားပြီး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ ရတနာစည် ကျောက်စီမြေတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

■ ကျောဖုံးမှ

ရှေးဦးစွာ ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသစ်ကို တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ဆွေးနွေး

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရုံးသစ်အတွင်း ပြသထားသည့်နံရံကပ်စာစောင်များ၊ ခရိုင်အတွင်း လူထုလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများနှင့် မြို့နယ်အတွင်း ခြစ်ညည်းရိုးကြက်ဆူပင် စိုက်ပျိုးမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးကြပြီး စာကြည့်တိုက်ခန်းမအတွင်း စာစောင်၊ မဂ္ဂဇင်း ဖတ်ရှုနေကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးကြသည်။

ထို့နောက် ဝန်ကြီးက မြို့နယ်ရုံးမှ တာဝန်ရှိသူများအား လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့်အဖွဲ့ဝင်များသည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်အတူ တောင်ကြီးမြို့တော်ခန်းမ၌ ပြသလျက်ရှိသည့် ပထမအကြိမ် ရှမ်းပြည်နယ် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာပြပွဲ(၂၀၀၇)သို့ ရောက်ရှိကြပြီး ကုမ္ပဏီများ၏ ICTနည်းပညာ ပစ္စည်းများ၊ ကွန်ပျူတာနည်းပညာနှင့် ပတ်သက်သော ဗဟုသုတ ဉာဏ်စမ်း ပဟေဠိ ဝင်ရောက်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုကြပြီး ကုမ္ပဏီများ၊ တာဝန်ရှိသူများနှင့် ကြည့်ရှုလေ့လာနေကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ညှိနှိုင်းဆောင်ရွက်

ညပိုင်းတွင် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် တောင်ကြီးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးရှိ စာကြည့်တိုက်ခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ တောင်ကြီးကိုယ်ပွား သတင်းစာတိုက်၊ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းစုရုံးနှင့် မော်ကွန်းရုပ်ရှင်ရုံး၊ တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအောက်ရှိ မြို့နယ်ဦးစီးမှူးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံကြပြီး ဌာနတာဝန်ခံများ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးကို ဆွေးနွေးမှာကြားသည်။

တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အဖွဲ့ဝင်များသည် ဧပြီ၃ရက် နံနက် ၈နာရီခွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့ (၉)က တာဝန်ယူ တည်ဆောက်နေသော တောင်ကြီး-လွိုင်လင်လမ်းပေါ်ရှိ နန်းပွန်ချောင်းဖြတ် မိုင်းပွန်တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းတို့က တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး တိုင်းမှူးက တံတားကို သတ်မှတ်ချိန်ထက်စောပြီးစီးရေး၊ စံချိန်စံညွှန်းနှင့် အညီ ပြည့်မီအောင် တည်ဆောက်ရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားသည်။

မိုင်းပွန်တံတားမှာ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပွန်မြို့အနီး နန်းပွန်ချောင်းကို ဖြတ်ကျော်၍ တံတား အရှည် ၂၀၈ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေရှိ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ရေလမ်းကင်းလွတ်နယ်သည် အကျယ် ၄၈ပေ၊ အမြင့် ၆ပေရှိ၍ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် လွိုင်လင်မြို့ ရတနာစည်စာသင်တိုက်ရှိ ရတနာစည်ကျောက်စီမြေတံတားဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ရတနာစည်စာသင်တိုက် ဓမ္မာရုံကြီး၌ ရတနာစည် ကျောက်စီမြေတံတား ရေစက်ချ မင်္ဂလာအခမ်းအနားကို ကျင်းပရာ ပရိသတ်တို့က လွိုင်လင်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဝါးတောကျောင်း ဆရာတော်ဘဒ္ဒန္တပညာဝံသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်၁၀၈ပါးတို့က မေတ္တာသုတ် ပရိတ်တရားတော်များကို ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးနှင့်ဇနီး ဒေါ်သင်းမျိုးမျိုး အောင်တို့က မြို့နယ်သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ ဝါးတောချောင်း ဆရာတော်ထံ သပိတ်လုံးဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရတနာစည် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလာနန္ဒထံ သပိတ်လုံးဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရတနာစည် ကျောက်စီမြေတံတား တည်ဆောက်ရေးအတွက် ကျောက်ဆည်မြို့နေ ဦးထွန်းထွန်းနိုင်နှင့်ဇနီးတို့က အလှူငွေ ကျပ်၁၀သိန်းကို ပေးအပ်လှူဒါန်းကြရာ လွိုင်လင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေးက လက်ခံသည်။

ရေစက်ချ

ထို့နောက် ရတနာစည် ဆရာတော်က ရတနာစည်ကျောက်စီမြေတံတားဖြစ်ပေါ်လာပုံနှင့် ဝမ်းမြောက်ကြောင်း အနုမောဒနာတရား ချီးမြှင့်သည်။

ယင်းနောက် ရတနာစည် ဆရာတော်ထံမှ ပရိသတ်တို့က ရေစက်ချ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ရေစက်ချ မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လောင်းလှူ

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းတို့က ရတနာစည်ကျောက်စီမြေတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ပရိသတ်တို့က ဆရာတော် သံဃာတော် ၁၀၈ပါးတို့အား လှူဖွယ်များ လောင်းလှူကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မှခ်ဦးရှေ့တွင် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီးဖွင့်လှစ်လိုက်သော ရတနာစည် ကျောက်စီမြေတံတားပေါ်သို့ ဖြတ်သန်းကြည့်ရှုကြကာ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အလွယ်တကူ

အဆိုပါ ရတနာစည် ကျောက်စီမြေတံတားမှာ အလျား ပေ ၃၀၀၊ အကျယ် ၁၈ပေ၊ အမြင့်ပေ ၅၀ ရှိ ကျောက်တစ်ထပ်၊ မြေတစ်ထပ် ကျောက်စီ မြေတံတားအမျိုးအစားဖြစ်ပြီး မော်တော်ယာဉ်ကြီး ယာဉ်ငယ်များ တံတားပေါ်မှ ဖြတ်သန်း၍ လွိုင်လင်မြို့သို့ အလွယ်တကူ သွားလာနိုင်ပြီဖြစ်သည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လွိုင်လင်မြို့ မြကန်သာပန်းခြံအနီး၌ ကျင်းပသည့် လွိုင်လင်မြို့ ခြစ်ညည်းရိုးကြက်ဆူပင် ပျိုးပွဲတော်သို့ တက်ရောက်ကြသည်။

အခမ်းအနားသို့ လွိုင်လင်ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်စစ်မှုထမ်းဟောင်းတို့မှ အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာများမှ ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ တိုင်းမှူး၏ဇနီး ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းမျိုးမျိုးအောင်တို့က ခြစ်ညည်းရိုး ကြက်ဆူပင်ကိုင်းများကို လွိုင်လင်မြို့နယ်မှ တာဝန်ရှိသူများအား ဖြန့်ဖြူးပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ခြစ်ညည်းရိုးကြက်ဆူပင်ကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးကြပြီး တက်ရောက်လာကြသူများက ခြစ်ညည်းရိုး ကြက်ဆူပင်များ တပျော်တပါး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးဗိုလ်မှူးချုပ် သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် လွိုင်လင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ရောက်ရှိကြပြီး စာကြည့်တိုက်၌ ပြသထားသည့် အေးချမ်းသာယာ ပြည်မြန်မာ၊ ရွှေပြည်သစ်၊ သာယာရွှေပြည်၊ ရွှေမြန်မာ၊ ငြိမ်းချမ်းရေးပန်းခင်း စသည့် နံရံကပ်စာစောင်များနှင့် ခရိုင် အတွင်း တိုးတက်မှုမြင်ကွင်းဓာတ်ပုံ များပြသထားမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး လွိုင်လင်ခရိုင်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တို့မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ဝန်ကြီးက လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ပေးအပ်

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် မိုင်းပွန်မြို့တွင် ဖွင့်လှစ်ထားသည့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ရောက်ရှိကြပြီး တိုင်းမှူးက စာကြည့်တိုက်အတွက် ၂၁လက်မ ရောင်စုံ ရုပ်မြင်သံကြား ဖမ်းစက်ကို လည်းကောင်း၊ ဝန်ကြီးက စာကြည့်တိုက်အတွက် စာစောင်၊ မဂ္ဂဇင်းများကို လည်းကောင်း၊ တိုင်းမှူး၏ဇနီး ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းမျိုးမျိုးအောင်က ဂျာနယ်၊ မဂ္ဂဇင်းများကိုလည်းကောင်း စာကြည့်တိုက်မှ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စာကြည့်တိုက် အတွက် ထောက်ပံ့ပစ္စည်းပေးအပ်ကြပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

အားပေး

တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် ဧပြီ၂ရက် မွန်းလွဲ ၂နာရီတွင် ရွှေညောင်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ ရွှေညောင်လူငယ်ခေတ်မီစာကြည့်တိုက်သို့ ရောက်ရှိကြပြီး ရုပ်ရှုပညာပဒေသာဌာနအတွက် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက အပ်ချုပ်စက်နှင့် ကက်ဆက်များကို လည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ရုပ်ရှုပညာ ပဒေသာ ဌာနအတွက် ရုပ်မြင်သံကြား ဖမ်းစက်တစ်လုံးကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က စာကြည့်တိုက်အတွက် စာအုပ်များကိုလည်းကောင်း တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရုပ်ရှုပညာ ပဒေသာဌာနအတွင်း လက်မှုလုပ်ငန်းများ သင်ကြားနေမှုနှင့် လက်တွေ့ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှမ်းပြည်နယ်(တောင်ပိုင်း)ခရီးစဉ်အတွင်း တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးနှင့် လွိုင်လင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတို့၌ ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ ရုံးဌာနများမှ ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံ မှာကြားရာတွင် ပြန်ကြားရေးဝန်ထမ်းများသည် မိမိတို့လုပ်ငန်းတာဝန်များကို အောင်မြင်အောင်၊ ကျေပွန်အောင် နှစ်ဆသုံးဆ တိုးပြီး ဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ နိုင်ငံတော်နှင့် ပြည်သူများကို ကျေးဇူးဆပ်ရာရောက်မည်ဖြစ်ကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် ချမှတ်ပေးထားသော ၂၀၀၇ခုနှစ်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် ကိုးရပ်ကို အောင်မြင်အောင် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ မြို့နယ်အတွင်း ဖွင့်လှစ်ပြီးကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် ချမှတ်ပေးထားသောလုပ်ငန်းစဉ်ငါးရပ်နှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

(သတင်းစဉ်)

စုဋ္ဌဘွဲ့နှင်းသဘင် အင်းစိန်မြို့နယ်၌ကျင်းပ

ရန်ကုန် ဧပြီ ၄

အင်းစိန်မြို့နယ်မှ ၂၀၀၆ခုနှစ် ပထမပြန်စာမေးပွဲတွင် အောင်မြင်တော်မူကြသော သံဃာတော်(၁၇၄)ပါးတို့အား အောင်လက်မှတ်များ၊ ဆွမ်းဆန်တော်အတွက် ဆုတော်ငွေများ၊ မြို့နယ်မှ ထပ်ဆောင်းအလှူငွေများ ဆက်ကပ်သည့် စုဋ္ဌဘွဲ့နှင်းသဘင်ကို မတ်၂၇ရက် မွန်းလွဲ ၂နာရီက ရွာမပရိယတ္တိစာသင်တိုက် အာဟာရဒါယီဆွမ်းစားကျောင်းဆောင်အပေါ်ထပ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က ဩဝါဒကထာ မိန့်ကြားပြီး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားသည်။ ထို့နောက် ကြွရောက်လာကြသော ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ လှူဒါန်း၍ စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့်အတူ ဆုတော်ငွေများ၊ ထပ်ဆောင်းအလှူငွေများကို လှူဒါန်းပြီးနောက် ရေစက်သွန်းချအမျှဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(က-ပ)**

မြန်မာ့နှစ်သစ်ကူးတန်ခူးလအတာသကြၤန်ကို ကြိုဆိုနိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၉၆) ထုတ်ဝေ

ရန်ကုန် ဧပြီ ၄

မြန်မာ့နှစ်သစ်ကူး တန်ခူးလ အတာသကြၤန်ကို ကြိုဆိုလျက် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်(၉၆)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ဝဲပုံ)**

ကြည်အောင် (ကေတုမတီ)၊ မြင်းမူမောင်နိုင်မိုး၊ ချမ်းမြဆောင်း (ကလော)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ မောင်ထက်မွန်(ရေစကြို)၊ တိုးဝေ၊ ဇော်မင်းမင်းဦး၊ တက္ကသိုလ်မောင်မောင်ခင်၊ အေးမ(ကလော)၊ မိုးပန်းမွန်(ရာမည)၊မင်းသွေးနွယ်(ဓိုးကုန်း)၊ရွှေမြိုင်-မောင်ဖူးဝါတို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ မကြန်၊ ချစ်နိုင်(စိတ်ပညာ)၊ တင်မြင့်၊ နီမင်းညို၊ ပခုက္ကူဦးအုံးဖေ၊ မြင်းခြံကျော်အောင်၊ စစ်ကိုင်းစိမ်းစိမ်း၊ တက္ကသိုလ်စိုးယဉ်၊ တက္ကသိုလ်ဝင်းမြင့်၊ ဒေါက်တာလှဖေ၊ အောင်စည်ဟိန်း၊ ပန်းတနော်နောင်လတ်၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ဦးစံတင်အောင်(ရွှေဘို)၊ ခိုင်လွင်ဦး ထီးဆောင်း)၊ အေးမျိုးကြည်၊ ထွေးကြည်(သလ္လာဝတီ)၊ မနုသကျော်ဝင်း၊ သိန်းဇော်(ရွှေလီဦး)၊ ခိုင်ကျော်နွယ် (ကျောက်တော်)တို့၏ ဝတ္ထုတိုဝတ္ထုရှည်များ၊ မောင်တင်ယု၊ စိုးစံ၊ မောင်နေမွန်၊ ဟာမိုနီတို့၏ ကာတွန်းများ၊ သူရိန်ဝင်း(ဓိုးကုန်း)၊ ပြေအေး(မြင်းမူ)၊ ကိုသက်(ဓိုးကုန်း)၊ တင်မောင်အေး(ပြန်/ဆက်)၊ တက္ကသိုလ်သျှင် သီရိ၊ ကိုထွန်းထွန်း (သာယာဝတီ)၊ နီငြိမ်း(အညာတက္ကသိုလ်)၊ စေတနာလှိုင်- ရေစကြိုတို့၏ ဆောင်ပါးများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပုံပြင်များ၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ ရုပ်ရှင်ကဏ္ဍများဖြင့် သုတရသ စုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ ထုတ်ပေး လှုပ်ရှားမှုတစ်ရပ်အဖြစ် နိုင်ငံတစ်ဝန်းဆောင်ရွက်မည်

ရန်ကုန် ဧပြီ ၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင် အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးများသို့ သွားရောက်၍ နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရှေးဦးစွာဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေသည် နံနက် ၉နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် သဃ်္ဃန်းကျွန်းကြီးရပ်ကွက် အမှတ် (၃) လမ်းမကြီးရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမြို့နယ်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးမောင်မောင်သန်းနှင့် တိုင်းဦးစီးဌာနမှူး ဦးလှဒေါင်းတို့က မြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးသည် အသက် ၁၀နှစ်ပြည့်နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားမှု၊ အသက် ၁၈နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားမှု၊ အသက် ၁၀နှစ်မှ ၁၈နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်ဆောင်ရွက်မှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (ပျောက်ဆုံး/ပျက်စီး) မိတ္တူလျှောက်ထားမှုများနှင့် စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန (ရုံးချုပ်)မှ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်ပေးနေမှုအခြေအနေများကိုလည်းကောင်း၊ မှတ်တမ်းခန်းအတွင်း ကိုယ်ရေးရာဇဝင်မှတ်တမ်းများ စနစ်တကျသိမ်းဆည်းထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ပံ့ပိုးကူညီ

ဆက်လက်၍ဝန်ကြီးသည်ရုံးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရာတွင် ပါဝင်ပံ့ပိုးကူညီဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် စိစစ်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာ ပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးသည်။

ရွှေပြည်သာမြို့နယ်

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရွှေပြည်သာမြို့နယ် အမှတ် (၆)ရပ်ကွက်ဘုရင့်နောင်လမ်းမရှိ မြို့နယ်ဦးစီးဌာနမှူးရုံးသို့ရောက်ရှိကြပြီး မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက မြို့နယ်ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးစနစ်တကျဖြင့် ဆောင်ရွက်ပေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

အင်းစိန်မြို့နယ်

ယင်းနောက်ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် အင်းစိန်မြို့နယ် မြို့သစ်(၈)ရပ်ကွက် ငစိန်လမ်းရှိ မြို့နယ်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ တာဝန်ရှိသူများနှင့် အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး စနစ်တကျဖြင့် ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးသည် ရုံးခန်းမ၌ မြို့နယ်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် စိစစ်ပြီးစီးသည့် နိုင်ငံသား စိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးကြပြီး**(အပေါ်ပုံ)** မှတ်တမ်းခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မြို့နယ်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိကြပြီး ဝန်ကြီးက ရုံးခန်းမ၌ မြို့နယ်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရာတွင် လွယ်ကူအဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး၊ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ကြရေး အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် စိစစ်ပြီးစီးသည့် နိုင်ငံသား စိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာ ပြည်သူများထံ ပေးအပ်နေမှုများကို ကြည့်ရှုအားပေးကြပြီး မှတ်တမ်းခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

စမ်းချောင်းမြို့နယ်

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စမ်းချောင်းမြို့နယ် လင်းလွန်း(တောင်)ရပ်ကွက် ဗားကရာလမ်းနှင့် ဗဟိုလမ်းထောင့်ရှိ မြို့နယ်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်ဒုတိယဝန်ကြီးတို့သည် နိုင်ငံရေးစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေး စနစ်တကျဖြင့် ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ရုံးခန်းမ၌ မြို့နယ်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် စိစစ်ပြီးစီးသည့် နိုင်ငံသား စစ်ဆေးရေးကတ်ပြားများကို သက်ဆိုင်ရာပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှု အားပေးကြသည်။

ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် ၁၀မြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ စိစစ်ထုတ်ပေးခဲ့ရာ ဧပြီ ၂ ရက်က ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၌ ၂၇၆ဦး၊ သာကေတမြို့နယ်၌ ၁၈၁ဦး၊ သဃ်္ဃန်းကျွန်းမြို့နယ်၌ ၁၉၉ဦး၊ တောင်ဥက္ကလာပမြို့နယ်၌ ၁၅၆ဦးနှင့် မြောက်ဥက္ကလာပမြို့နယ်၌ ၃၅၁ဦး စုစုပေါင်း ၁၁၆၃ဦးတို့အား လည်းကောင်း၊ ဧပြီ ၃ရက်တွင် မင်္ဂလာဒုံမြို့နယ်၌ ၂၇၂ဦး၊ ရွှေပြည်သာမြို့နယ်၌ ၁၇၃ဦး၊ အင်းစိန်မြို့နယ်၌ ၁၈၈ဦး၊ မရမ်းကုန်းမြို့နယ်၌ ၂၁၅ဦးနှင့် စမ်းချောင်းမြို့နယ်၌ ၂၄၂ဦး စုစုပေါင်း ၁၀၉၀တို့အားလည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ စိစစ်ထုတ်ပေးနိုင်ခဲ့ကြောင်းနှင့် ဆက်လက်၍လည်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ စိစစ်ထုတ်ပေးရာတွင် လွယ်ကူလျင်မြန်စေရေးအတွက် လှုပ်ရှားမှုတစ်ရပ်အနေဖြင့် နိုင်ငံတစ်ဝန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေ မြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း၊ အနောက်ဘက်)တိုး ချဲ့ မြေနှစ် ဧကဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ် ရန် အ တွက် ရန်ကုန်တိုင်း ဗိုလ်တ ထောင် မြို့ နယ် ဗိုလ်ချုပ်လမ်း အမှတ် ၁၆၅ အခန်း ၅ နေ ဒေါက်တာကိုကိုမောင်(ရွှေကူ)၏ မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ် ဦးမောင်မောင်ကြီး-ဒေါ်ရင်ရင်မေ မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ပဓာနနာယက ဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာဆရာတော်ဘဒ္ဒန္တဉာဏိန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)အိန္ဒိယနိုင်ငံပရဒေသီ သံဃနာယက အဖွဲ့ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါ အချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရ အေးမြသောနေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လည်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေး ဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်



ရန်ကုန် ဧပြီ ၄

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ (6th MGC Junior Golf Open Championship - 2007) ကို မြန်မာဂေါက်သီးရိုက်အသင်းတွင် ဧပြီ ၂၄၊ ၂၅ ရက်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

6th MGC Junior Golf Open Championship-2007 ပြိုင်ပွဲတွင် အသက်(၁၀-၁၂)နှစ်၊ အသက် (၁၃-၁၅)နှစ်၊အသက်(၁၆-၂၀)နှစ်၊ အမျိုးသမီးပြိုင်ပွဲ၌ အသက်(၁၀-၁၈)နှစ်အထိဟူ၍ လေးတန်းခွဲခြားပြီး ပြိုင်ပွဲများကိုစည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲများ၌ ဆုများကို သက်တန်းအလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲများ၏ ဆုများကို မြန်မာဂေါက်သီးရိုက်အသင်းနှင့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် တစ်ဦးချင်းအလှူရှင်များက အဓိက ကူညီပံ့ပိုးကြမည် ဖြစ်သည်။

ကြိုတင်စာရင်းပေးသွင်း

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ဧပြီ ၂၁ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ မြန်မာဂေါက် သီးရိုက်အသင်းသို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး လူဦးရေ အကန့်အသတ်ရှိမည်ဖြစ်သဖြင့် ကြိုတင်စာရင်း ပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုသူများသည် မြန်မာဂေါက်သီးရိုက်အသင်း ဖုန်း-၆၆၁၇၀၂သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပြင်သစ် နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်း တော် ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃လမ်းမှတ်တိုင်အနီး) တွင် အမှတ် ၃၃၁ ဥဇ္ဇနာ ၆ လမ်း (၉) ရပ်ကွက် မြောက်ဥက္ကလာပ မြို့နယ်နေ ဦးကျော်ထွေးအောင်-ဒေါ်သင်းသင်းရီ၊ သမီး သင်း သ ဇင် အောင် မိသားစုက FEC 100 ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

YANKIN CENTRE SHOPPING MALL

& TMW Enterprise Limited တို့ ပူးပေါင်းစီစဉ်သော

မဟာသင်္ကြန် အကြိုဈေးရောင်းပွဲတော်

Digital Camera, LCD TV... များ၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊
FASHION, FANCY, STYLE (မဟာသင်္ကြန်)အသုံးအဆောင်ပစ္စည်းများကို
(5 - 4 - 2007 မှ 12 - 4 - 2007 အထိ)
5% - 50% လျှော့ဈေး၊ လက်ဆောင်ပစ္စည်း၊ အထူးအစီအစဉ်များ ဖြင့် ရောင်းချပေးနေပါပြီ။

Sky Lion Trading Co., Ltd.

BannerStore Super Market အတွက် Supplier များခေါ်ယူခြင်း

Sky Lion Trading Co., Ltd. မှ မကြာမီ ဖွင့်လှစ်မည့် BannerStore Super Market သည် သမားရိုးကျမဟုတ်သဲ့ မြန်မာနိုင်ငံတွင် ပထမဦးဆုံး ဖွင့်လှစ်မည့် ထူးခြားသော Super Market ဖြစ်ပါသည်။ ဝယ်ယူသူများအတွက် စိတ်ဝင်စားဖွယ် ထူးခြားသော အစီအစဉ်များရှိပါသည်။ နိုင်ငံတကာနှင့် အရည်အသွေးမြင့် ကုန်ပစ္စည်းမျိုးစုံကိုလည်း တင်သွင်းရောင်းချမည်ဖြစ်ပြီး ဝယ်ယူသူများအတွက် လိုအပ်ချက်များ အားလုံးကို တစ်နေရာတည်းတွင် ချိုသာသော ဈေးနှုန်းဖြင့် စိတ်ကြိုက်ရွေးချယ် ဝယ်ယူရရှိနိုင်ပါသည်။ လာရောက်ဝယ်ယူသော စားသုံးသူများအတွက် ဝယ်ယူသုံးစွဲလေလေ ဈေးနှုန်းပိုမိုသက်သာစေမည့် အခွင့်အလမ်းများရှိပါသည်။ Sky Lion Trading Co., Ltd. ၏ အဖွဲ့ဝင်ကိုယ်စားလှယ်များအတွက် မိတ်ဆွေများပိုမိုရရှိပြီး မိမိ၏ကွန်ရက်ကို ကြီးမားအောင် အထောက်အကူပြုမည့် အခွင့်အလမ်းကောင်းများရှိပါသည်။

အဆိုပါ Super Market တွင် အောက်ဖော်ပြပါ ကုန်ပစ္စည်းများ ဝယ်ယူရောင်းချလိုပါ၍ တင်သွင်းရောင်းချမည့် ကုမ္ပဏီများ ပိုင်ရှင်များအနေဖြင့် ဆက်သွယ်ဆောင်ရွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ ဆက်သွယ်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၁။	စားသောက်ကုန်ပစ္စည်းများ	၂။	လူသုံးကုန်ပစ္စည်းများ
၃။	မီးဖိုချောင်သုံးပစ္စည်းများ	၄။	အိမ်သုံးပစ္စည်းများ
၅။	အလှကုန်ပစ္စည်းများ	၆။	ကလေးအသုံးအဆောင်ပစ္စည်းများ
၇။	စာရေးကိရိယာမျိုးစုံ	၈။	လျှပ်စစ်ပစ္စည်းများ
၉။	ဖန်စီပစ္စည်းများ	၁၀။	အားကစားပစ္စည်းများ
၁၁။	ကျန်းမာရေးဆေးဝါး	၁၂။	ဓာတ်ပုံဆိုင်
၁၃။	မိတ္တူဆိုင်	၁၄။	ရွှေဆိုင်

ဆက်သွယ်ရန် → ဒေါ်မိုးသီတာအောင်
Sky Lion Trading Co., Ltd. အမှတ် (၅၂၀-ဓ) ၄-ထပ် ကမ္ဘာအေးဘုရားလမ်း မယ်နိုဘမြို့နယ် ရန်ကုန်မြို့၊
ဖုန်း- ၅၁၉၃၂၈၊ ၅၁၉၃၂၂၊ ၅၁၉၃၂၈၊ ၅၁၉၃၂၉၊ ၅၁၉၃၂၅ ဖက်စ်- လိုင်းခွဲ (၆၁၄)

INVITATION TO TENDER

(TENDER NO. 1(T) MPE/LPG(1)/2007-2008)

1. Sealed Tenders are invited by the Myanma Petrochemical Enterprise, the Ministry of Energy for the supply of Mixed LPG (1,800 ± 5%)Metric Tons.
2. Tender closing Date: (10-4-2007) at (12:00) noon.
3. Tender opening Date: (10-4-2007) at (13:00) hrs.
4. Tender Documents and detail information are available at the Department of Finance, Myanma Petrochemical Enterprise, Nay Pyi Taw, during office hours commencing (5-4-2007) on payment of one hundred (100) FEC per set.
5. Only bid from tenderer who has purchased tender documents officially from Myanma Petrochemical Enterprise will be accepted for evaluation.

Managing Director
Myanma Petrochemical Enterprise.

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ရုံးသုံးစက်ကိရိယာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါများကို တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	PersonalComputer 80 GB HDD 258 MB 15' Monitor	1 Set
(ခ)	Laser Printer	1 Set
(ဂ)	Plain Paper Copier (A3)	1 Set
(ဃ)	Binding Machine	1 Set

၂။ ချိပ်ပိတ် တင်ဒါများကို အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးအဖွဲ့၊ (နေပြည်တော်)ရုံးသို့ ၁၀-၄-၂၀၀၇ရက် နေ့ ၁၅:၀၀နာရီထက် နောက်မကျဘဲ တင်သွင်းရမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို ၆-၄-၂၀၀၇ ရက်မှ စတင်၍ အောက်ဖော်ပြပါလိပ်စာတွင်လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

ဝန်ကြီးရုံး ဖုန်း-၀၆၇-၄၀၈၀၆၆၊
အမှတ်(၁)စက်မှုဝန်ကြီးဌာန ၀၆၇-၄၀၈၀၇၉။
နေပြည်တော်

Golden Star
140000/-
90000/-
April 12
95000/-
30000/-
Ph:544383, 09-5172634

ကျေးဇူးဆပ်ပါမည်

ကျွန်မ မခိုင်ဇင်ထိုက် PP အမှတ်-၉၁၉၈၃၄ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၅၉၀၂၄၂။

သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၄

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု ဆောင်ရွက်လျက်ရှိရာ မတ် ၃၀ ရက် နံနက် ၉ နာရီခွဲခန့်တွင် ကျောက်ကြီးမြို့နယ် ထုံးကြီးကျေးရွာအုပ်စု ဇောကိကျေးရွာမှဦးအောင်သိန်းနှင့်သားနှစ်ဦးဖြစ်ကြသည့် မင်းအောင်နှင့် အောင်ထွန်းလင်းတို့သုံးဦးတို့သည် တောင်ယာသို့ သွားရောက်ကြစဉ် တောလမ်းတစ်နေရာ၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲကာ မင်းအောင် (အသက် ၂၈ နှစ်)၏ ညာဘက်ခြေကျင်းဝတ်ပြတ်၍ ဒဏ်ရာရရှိခဲ့သည်။

အဆိုပါမိုင်းဒဏ်ရာရရှိသည့် မင်းအောင်အား သက်ဆိုင်ရာတာဝန်ရှိသူများက ကျောက်ကြီးမြို့နယ်ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးလောင်မှုများဖြစ်ပွား

ရန်ကုန် ဧပြီ ၄

စစ်ကိုင်းတိုင်းတန့်ဆည်မြို့နယ် တဆေးလှကျေးရွာ၌ ဧပြီ ၃ ရက် မွန်းတည့်ချိန်ခန့်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ် ၁၇ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း။

မကွေးတိုင်း

မကွေးတိုင်း မြိုင်မြို့နယ် ဗဟင်းကျေးရွာ၌ ဧပြီ ၃ ရက် ညနေ ၃ နာရီ ခန့်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ် ၇၇ လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် လူ ၃၂၇ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း။

မကွေးတိုင်း မြိုင်မြို့နယ် ဝယ်တောင်ကျေးရွာ၌ ဧပြီ ၃ ရက် ညနေ ၅ နာရီခန့်တွင် မီးလောင်မှု ဖြစ်ပွားရာ အိမ်နှစ်လုံး၊ ဈေးဆိုင်သုံးခန်း မီးလောင် ဆုံးရှုံးပြီး လူလေးဦး မီးလောင် သေဆုံးခဲ့သည်။

ပဲခူးတိုင်း

ပဲခူးတိုင်း ဇီးကုန်းမြို့နယ် မြောက်လွတ်ကုန်းကျေးရွာ၌ ဧပြီ ၃ ရက်ည ၇နာရီတွင် မီးလောင်မှုဖြစ်ပွားရာ အိမ်ငါးလုံး မီးလောင်ဆုံးရှုံးပြီး လူ၂၀ အိုးမဲ့ အိမ်မဲ့ဖြစ်ခဲ့ကြောင်း၊ ပဲခူးတိုင်း မင်းလှမြို့နယ် ချောင်းနက်ကျေးရွာ၌ ဧပြီ ၃ ရက် ည ၉နာရီတွင် မီးလောင်မှု ဖြစ်ပွားရာ အိမ်ငါးလုံး အိမ်ထောင်စု ငါးစု အိုးမဲ့ အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

NEW MOTION TRAVELS CO., LTD.

Escape from every-day life

Apr ; 13, 18 · Apr ; 12 · Apr ; 12, 13, 18 · Apr ; 13, 18 · Apr ; 11,12,13, 14

Ph : 725 799, 537 024, 710717

ဒေါ်သိင်္ဂီဝင်း အတွက် ဆုမွန်

ရုရှားနိုင်ငံ မော်စကိုမြို့ GUBKIN University တွင် ME. Mech တက်နေသော သမီးကြီး ဒေါ်သိင်္ဂီဝင်း BE. Mech အလုပ်ရုံမှူး၊ သန်လျင်ရေနံချက်စက်ရုံ၏ ၅-၄-၂၀၀၇ ရက် မွေးနေ့တွင် သက်ရှည်ကျန်းမာရွှင်လန်းပြီး နိုင်ငံအတွက် ထူးချွန်ထက်မြက်သော သမီးကောင်း ရတနာတစ်ဦး ဖြစ်နိုင်ပါစေ။

မေမေ – **ဒေါ်ခင်စန်းရီ(ဗိုလ်မှူးဝင်းကြည်)**
ကမ္ဘာအေးအိမ်ရာ
မောင်လေး – **Dr.မြတ်သူဝင်း– Dr.ဝင်းရွှေစင်(ရောဂါဗေဒ)**
ညီမလေး – **ဒေါ်ကေသီဝင်း B.Sc (Chem) ဗိုလ်ချုပ်ဈေး**
ဗိုလ်မှူးဝင်းနိုင်(ငြိမ်း) B.A (D.S.A)
မြစိမ်းဝေ Co., Ltd.
တူမလေးများ – **နှင်းလဲ့ဖြူဝင်း (ဒုတိယနှစ်၊ဆေးဝါးတက္ကသိုလ်)**
ဟေမာန်မြတ်သူ၊ အိမ့်ဇွန်ပွင့်(ချစ်စု)။

မွေးနေ့နှင့်ငွေရတုမင်္ဂလာဆုတောင်း

ဖေကြီး **ဦးအေးထိုက်လွင်** ၏ (၅၁)နှစ်ပြည့် မွေးနေ့၊ မေကြီး **ဒေါ်တင်ရီ(ရီလေး)**၏ နှစ်(၅၀)ပြည့် မွေးနေ့နှင့် ၅-၄-၂၀၀၇ရက်တွင် ပြည့်မြောက်သော (၂၅)နှစ်ပြည့်ငွေရတုမင်္ဂလာရက်မြတ်များမှသည် သက်ဆုံးတိုင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် သာသနာပြုနိုင်ကြပါစေဟု–

သမီး – မရူပါလွင်(B.B.A၊ ခေတ္တ–ကာတာ)
သား – မောင်ကောင်းမြတ်လွင်(1st Yr, Eco)
ညီမ – မလှလှခင်။

မင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဝင်း(ငြိမ်း)–ဒေါ်သန်းအေးတို့၏သား

မောင်ဇာနည်သန်းဝင်း B.A (English), A.G.T.I (Civil)

နှင့်

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ညွှန်ကြားရေးမှူး(စီမံ) ဗိုလ်မှူးမြင့်မောင်ကျော်(ငြိမ်း)–ဒေါ်မြင့်မြင့်ဆွေတို့၏သမီး

မနွယ်နီကျော် LL.B (အထက်တန်းရှေ့နေ)

တို့၏ ၁-၄-၂၀၀၇ရက်၌ နေပြည်တော်စည်ပင်သာယာရေးကော်မတီမင်္ဂလာခန်းမတွင်ကျင်းပသော မင်္ဂလာညည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်တို့အားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ရဲမြင့်နှင့်ဇနီး၊ ဗိုလ်ချုပ်ဆန်းဆင့်နှင့်ဇနီး တို့အားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသော နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများပေးပို့ကြသော ဝန်ကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး တက္ကသိုလ်ကိုကိုဇော်နှင့် မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော အဆိုတော် နှင်းရီသန့်နှင့်အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားတွင်ပါဝင်ဆောင်ရွက်ပေးသော မအိပိုသန့်၊ မခင်ပေရယ်ဦး၊ မနှင်းနှင်းရီ၊ သတို့သားအရံ မောင်စည်သူဝင်းလွင်၊ မောင်စိန်လှိုင်မြင့်၊ သတို့သမီးအရံ မအိသန္တာဝင်း၊ မအေးသန္တာငြိမ်းတို့အားလည်းကောင်း၊ ပန်းအလှပြင် Remember me အဖွဲ့အားလည်းကောင်း၊ မိတ်ကပ်အလှပြင် Forever ဇေဇေ(ခင်စန်းဝင်း)တို့အားလည်းကောင်း၊ ကျွေးမွေးညည့်ခံပေးသော Cafe De Palace မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မေတ္တာဖြင့်လက်ဝတ်ရတနာဆင်မြန်းပေးပါသော ဦးကောင်းကြွယ်–ဒေါ်သီရိမွန်မွန် Golden Bell Jewellery တို့အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဝန်ထမ်းမိသားစုများနှင့် မိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇာနည်သန်းဝင်း–မနွယ်နီကျော်။

ROB-B-HOOD · JACKIE CHAN, LOUIS KOO, BAOBAO CHEN, CHARLENE CHOI

DHOOM - 2

BLOOD DIAMOND

CURSE OF THE GOLDEN FLOWER · CHOW YUN-FAT, GONG LI, JAY CHOU

အသံမစဲ မေတ္တာပွားများပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၄

နှစ်ဟောင်းကို မေတ္တာဖြင့်ကုန်ဆုံးစေပြီး နှစ်သစ်ကို မေတ္တာဖြင့်ကြိုရန်နှင့် တစ်ကမ္ဘာလုံးသို့ မေတ္တာဓာတ်များ ပြန့်ပွားရန်ရည်ရွယ်၍ အကြိမ်(၂၀)မြောက်သင်္ကြန်တွင်း အသံမစဲ စုပေါင်းမေတ္တာပွားများပွဲကို ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် နန်းဦးဘုရားကြီးတန်ဆောင်း မေတ္တာဗျူဟာအဖွဲ့ကကြီးမှူး၍ ယင်းစေတီတော်ရှိ ဆိပ်ကမ်းဓမ္မာရုံကြီး၌(သင်္ကြန်အကြိုနေ့)ဧပြီ ၁၃ရက် နံနက် ၅ နာရီမှ(နှစ်ဆန်းတစ်ရက်နေ့)ဧပြီ ၁၇ရက် ညနေ ၅နာရီအထိ နာရီပေါင်း ၁၀၈နာရီ ကျင်းပမည်ဖြစ်သည်။

စိတ်ပါဝင်စားသူ တိုင်း လာရောက် မေတ္တာပွားများနိုင်ကြောင်းနှင့် သက်သတ်လွတ် အာဟာရဒါနအတွက် အလှူငွေများပါဝင်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်ဝင်းဝင်းကြည်၏ နိုင်ငံကူးလက်မှတ် အမှတ်–၅၀၅၅၁ သည် ကျောက်တံတားမြို့နယ်အတွင်း ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း–၂၀၀၄၆၂။**

ROLEX, OMEGA, Swiss Made

Wisdom Power IT Co., Ltd.

Diploma in IT

Diploma in Information Technology

Hlwan Moe Thu Bag Collection

အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

... New Age International University, Seborga, Italy ... Honorary Degree of DOCTOR OF PHILOSOPHY in the field of Herbal Medicine ... GOLD MEDAL in the field of Holistic Health ... Kolkata ... Taj Bengal Hotel ... International Conference and Covocation Ceremony ...

(MRTV-4) ... (RIT) ...

အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

... New Age International University, Seborga, Italy ... Honorary Degree of DOCTOR OF PHILOSOPHY in the field of Herbal Medicine ... GOLD MEDAL in the field of Holistic Health ... Kolkata ... Taj Bengal Hotel ... International Conference and Covocation Ceremony ...

နာဂမာရ်အောင်ရွှေစေတီနှင့် အရံစေတီလေးဆူ ရွှေထီးတော်တင်လှူ

မော်လမြိုင်ကျွန်း မတ် ၃၁

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ထီပါလယ်ကျေးရွာအုပ်စု မြို့ချောင်းကျေးရွာထိပ်တွင် တည်ထားကိုးကွယ်သော နာဂမာရ်အောင်ရွှေစေတီနှင့် အရံစေတီလေးဆူ ရွှေထီးတော်တင်လှူပူဇော်ပွဲကို မတ်၂၆ရက် နံနက်၈နာရီက နယ်လှည့်ဓမ္မကထိကဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓကကြီးမှူး ဦးဆောင်ကျင်းပသည်။

ကြည်ညိုပူဇော်

ယင်းရွှေထီးတော်တင်လှူပူဇော်ပွဲသို့ နယ်လှည့် ဓမ္မကထိကဆရာတော်ဘဒ္ဒန္တ ဝိသုဒ္ဓနှင့် ထီပါလယ် မြို့ချောင်းကျေးရွာများမှ နာယကဆရာတော်များကြွရောက်တော်မူပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဲနိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊မြို့နယ်ကုန်သွယ်လယ်ယာမန်နေဂျာဦးတင်သန်း၊ မြို့နယ်စီမံကိန်းဦးစီးဌာနဒုတိယဦးစီးမှူး ဦးအောင်ကိုဦးနှင့် ဌာနဆိုင်ရာများ မြို့ချောင်း၊ ကသယ်မျှင်၊ ရေကျော်ဝနှင့် သူဌေးကုန်းကျေးရွာများမှ အလှူရှင်များ၊ ဓမ္မစကြာဝတ်ရွတ်အဖွဲ့များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြည်ညို ပူဇော်ကြသည်။

ထီးတော်တင်

ထို့နောက် နာဂမာရ်အောင် ရွှေစေတီတော်နှင့် အရံစေတီလေးဆူတို့အား ဘုံအဆင့်အလိုက် ရွှေထီးတော်တင်လှူ ပူဇော်ကြသည်။ **(အပေါ်ပုံ)** (၀၉၇)

ကလေးမြို့၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်း ထူးချွန်သူများ ဆုချီးမြှင့်၊ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ကလေး မတ် ၂၅

ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အမှတ်စဉ် (၂/၂၀၀၇) စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ရက် ညနေ ၃နာရီက ကလေးမြို့နယ် စခန်းကြီး စံပြကျေးရွာရှိ ကျေးလက်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဦးစီးမှူး ဦးဒိုင်ကျင့်ပါအိုနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးယုတင်ဝင်းတို့က အမှာစကားပြောကြားပြီး သင်တန်းထူးချွန် ပထမဆုရ ချမ်းသာကြီးကျေးရွာမှ မောင်လုံဆောမ်ထွေင်အား ရွာမိရွာဖ ဦးမောင်တိုးကလည်းကောင်း၊ ဒုတိယဆုရ စခန်းကြီး စံပြကျေးရွာမှ ဦးထွန်းမောင်အား ဦးပြုံးကျော် (လူပုဂ္ဂိုလ်သာသနာပြု)ကလည်း ကောင်း၊ တတိယဆုရ စခန်းကြီးစံပြကျေးရွာမှ မထွေးထွေးလင်းအား ရွာမိရွာဖ ဦးငြိမ်းက လည်းကောင်း၊ အထူးဆုရ မောက်လင်းကျေးရွာမှ မောင်တင်ဆန်းအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးအောင်ရွှေကလည်းကောင်း အသီးသီးလှူဒါန်းပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး စခန်းကြီး စံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ဦးထွန်းမောင် (စာပေလုပ်သား)က ငွေကျပ် ၄၀၀၀၀ကျော်တန်ဖိုးရှိ စာအုပ်မျိုးစုံ အုပ်၁၁၀ကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ထားမူက စာအုပ်မျိုးစုံအုပ်၃၀ကိုလည်းကောင်း **(အပေါ်ပုံ)**၊ ဦးပြုံးကျော် (လူပုဂ္ဂိုလ် သာသနာပြု)ကငွေကျပ်၄၂၀၀တန်ဖိုးရှိ ဘာသာရေး မဂ္ဂဇင်းနှင့်စာစောင် ၂၁စောင်ကို လည်းကောင်း၊ စခန်းကြီးစံပြကျေးရွာ စာပေဒါနအလှူရှင် ငါးဦးထံမှ အလှူငွေ ကျပ်၂၀၀၀၀နှင့် စာအုပ်မျိုးစုံအုပ် ၁၀၀ကိုလည်းကောင်း လှူဒါန်းကြရာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးထွန်းငြိမ်းက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ်သတင်းများ

မင်းတပ်မြို့ မဈေး စုပေါင်းသန့်ရှင်း

မင်းတပ် မတ် ၃၁

ချင်းပြည်နယ် မင်းတပ်မြို့ မြို့မဈေးသန့်ရှင်းသပ်ရပ်ရေးအတွက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးဆွေးအုပ်နှင့် ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်း၍ မတ် ၂၀ရက် နံနက်ပိုင်းက ဈေးသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဆွေ ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မိုးကောင်းမြို့ နမ္မတီးမြို့ပတ် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ၆ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းစိန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျောင်းကုန်း ဒက္ခိဏာရာမ ရွှေကျင်စာသင်တိုက် ဗိမာန်တော်ဆောက်လုပ်ရေး မတည်လှူဒါန်း

ကျောင်းကုန်း ဧပြီ ၁

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ ဒက္ခိဏာရာမ ရွှေကျင်ပရိယတ္တိစာသင်တိုက်ကြီးတွင် အလျားပေ၉၀၊ အနံပေ၅၀ရှိ နှစ်ထပ်ဗိမာန်တော်ကြီး ဆောက်လုပ်ရန်အတွက် မတည်လှူဒါန်းငွေ ပေးအပ်ပွဲကို မတ် ၂၅ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဘဒ္ဒန္တနန္ဒမာလာဘိဝံသ (အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြုတက္ကသိုလ်ကြီး၏ပါမောက္ခချုပ်ဆရာတော်)က ငွေကျပ်နှစ်သိန်း၊ ဘဒ္ဒန္တနန္ဒစရိယ (နာယကဆရာတော်)က ငွေကျပ်နှစ်သိန်း၊ ဘဒ္ဒန္တစန္ဒသာရ (ကမ္မဋ္ဌာနာစရိယ ကျောင်းကုန်းဆရာတော်)က ငွေကျပ်နှစ်သိန်း၊ ဦးအုန်းမောင်–ဒေါ်သောင်းတို့အားရည်စူး၍ သား ဦးစိုးနိုင်က ငွေကျပ် သုံးသိန်းငါးသောင်း၊စစ်ကိုင်းမြို့နယ် ကုန်းကြီးကျေးရွာနေ ဦးမိုးကောင်း–ဒေါ်မြရွှေတို့အား အမှူးထား၍ ရှင်ဝိသုဒ္ဓနှင့် သမီး မစန္ဒာလင်း၊ မဌေးဌေးမာမိသားစုက ငွေကျပ်သုံးသောင်းနှင့် ဒေါ်သန်းရင်မိသားစုက ငွေကျပ်နှစ်သောင်း ပေးအပ်လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်က လက်ခံယူသည်။

လှူဒါန်းနိုင်

အဆိုပါ ဆောက်လုပ်မည့် နှစ်ထပ်ဗိမာန်တော်ကြီးသည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီးတန်ဖိုးအားဖြင့် သိန်းတစ်ထောင်ကျော် ကုန်ကျမည်ဖြစ်ရာ လှူဒါန်းလိုသောအလှူရှင်များသည်ဦးစန္ဒသာရ ဖုန်း–၀၄၆–၄၀၄၉၈၊ ဦးစိုးမြင့် ဖုန်း–၀၄၆–၄၀၂၃၇နှင့် ဂေါပကအဖွဲ့ ဖုန်း–၀၄၆–၄၀၁၆၄၊ ၄၀၄၆၀တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၂၆၅)**

ဇီဝဒီဇယ်ဆီ ထုတ်လုပ်ပုံ ရှင်းလင်းသရုပ်ပြ

တောင်ကြီး မတ် ၃၁

တောင်ကြီးမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူဆီကြိမ်းမှ ဇီဝဒီဇယ်ဆီထုတ်လုပ်ပုံအဆင့်ဆင့် ရှင်းလင်းသရုပ်ပြပွဲကို မတ် ၁၁ရက် နံနက်၉နာရီက ရွှေညောင် ကျေးရွာအုပ်စု၌ ကျင်းပသည်။

သရုပ်ပြပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာက အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုစနစ်ကို ရှင်းလင်း၍ မြို့နယ်စက်မှုလယ်ယာ တာဝန်ခံက ခြံစည်းရိုး ကြက်ဆူဆီကြိမ်းမှ ဇီဝဒီဇယ်ဆီထုတ်လုပ်ပုံအဆင့်ဆင့်ကို သရုပ်ပြ ရှင်းလင်းကြသည်။

သရုပ်ပြပွဲသို့ အနီးပတ်ဝန်းကျင် ကျေးရွာအုပ်စု ၁၃ အုပ်စုမှ ဒေသခံပြည်သူများ တက်ရောက် ကြည့်ရှုကြသည်။ (ခရိုင် ပြန်/ဆက်)

ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်နှင့် ကျေးရွာအုပ်စု အမျိုးသား အလွတ်တန်း ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော ဆားမလောက်ကျေးရွာအုပ်စု ဘောလုံးအသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်က တံခွန်စိုက်ဖလားနှင့် ငွေကျပ်တစ်သိန်းကို မတ် ၇ရက်က ပေးအပ်ချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

မုံရွာ နန္ဒဝန်ရပ်ကွက်ရုံး အဆောက်အအုံသစ်ဖွင့်

မုံရွာ မတ် ၃၁

မုံရွာမြို့နယ် နန္ဒဝန်ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၃ရက် နံနက် ၁၀နာရီက အဆိုပါရုံးသစ် အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် နန္ဒဝန်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်က ရုံးသစ်အဆောက်အအုံနှင့်ပတ်သက်၍ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် ရပ်မိရပ်ဖ ဦးတင်အေးတို့က ရုံးသစ်အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှု

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ရုံးသစ်အဆောက်အအုံကို လှည့်လည် ကြည့်ရှုကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ခင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက် အရအမှုဆောင်အရာရှိ ဦးချစ်ငွေ၊ ဒုတိယဦးစီးမှူး ဦးထွန်းထွန်းလတ်နှင့် ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ဇော်ဌေးနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်များ စုပေါင်း၍ မတ်၁၇ရက်က မီးငြိမ်းသတ်နည်းဗျူဟာတိုက် လေ့ကျင့်ကြရာမြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင် ကြည့်ရှုအားပေးစဉ်။

(မြို့နယ်စည်ပင်)

မန္တလေးတိုင်းဒေသကြီး ပုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင်သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော်ကြီး)အတွက် မိခင်ကြီး ဒေါ်မြမြလှိုင်အားအမှူးထား၍ အမြွှာညီအစ်ကို မျိုးမြင့်ဦး၊ မျိုးမြင့်အောင် မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူငွေကျပ်တစ်သိန်းကို ကျောင်းအကျိုးတော် ဆောင်ဆရာတော် (မဟာသိမ်တော်ကြီးစာချနာယက) ဦးဂန္ဓသာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မဟာရွှေပြည့်ဝစေတီ အုတ်မြစ်ချ

ပြင်ဦးလွင် ဧပြီ ၁

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂) ရွှေစေတီသာသနာ့ရိပ်သာတွင် တည်ထားကိုးကွယ်မည့် မဟာရွှေပြည့်ဝ ဆုတောင်းပြည့်စေတီတော် ရေစက်ချ အခမ်းအနားနှင့် အုတ်မြစ်စီမင်္ဂလာ အခမ်းအနားကို မတ်၂၅ရက်က ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး ရွှေစေတီကျောင်းဆရာတော် ဦးနန္ဒိယထံ ပရိသတ်တို့က ငါးပါးသီလခံယူကာ အုတ်မြစ်စီမင်္ဂလာကျင်းပရာ ပတ္တမြားအုတ်၊ မြအုတ်၊ ရွှေအုတ်၊ ငွေအုတ်တို့ကို သက်ဆိုင်သူတို့က အုတ်မြစ်စီကြသည်။ (၂၈၀)

ရန်ကုန်တိုင်း အလုံမြို့နယ် ငုဝါလမ်း အမှတ် (၁၀၂) နေ ဦးအောင်ထူး - ဒေါ်လွင်လွင်ကြည်၊ သမီး မ အိ မွန် အောင်၊ မသင်းလွင်လွင်ထူး မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်း တော် ကြီး အတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စထံရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူးဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဖျာပုံမြို့ ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ဖျာပုံ ဧပြီ ၃

ဖျာပုံမြို့ ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ရက် နံနက် ၇နာရီက အဆိုပါလမ်းမုခ်ဦးတွင် ကျင်းပသည်။

အခမ်းအနားသို့ ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးဘုန်းမြင့်နှင့်အဖွဲ့ဝင် ဒုတိယရဲမှူးကြီးစံသိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ဆောင်ရွက်

အဆိုပါလမ်းကို ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ်၈၀ ဒသမ၂သိန်း၊ ပြည်သူများထည့်ဝင်ငွေကျပ် ၈၀ဒသမ၂သိန်းတို့ဖြင့် အရှည်ပေ ၁၈၈၀၊ အကျယ် ၁၈ပေကတ္တရာခင်းလမ်းအဖြစ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၁၅၈)

ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စီမံချက်အရ မြစ်ကြီးနား ရပ်ကွက်စုရပ်များ၌ ကာကွယ်ဆေးထိုးနှံ

မြစ်ကြီးနား မတ် ၂၅

ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေးနည်းဗျူဟာများ အကောင်အထည်ဖော်ရေးစီမံချက်ဖွင့်ပွဲကို မတ် ၁၇ရက် နံနက်က မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

လက်ဆောင်ပေး

အခမ်းအနားတွင် ကလေးသူငယ် ၄၆ဦးတို့အား ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံအပြီး ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ကချင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေက လက်ဆောင်ပစ္စည်းများ ဝေငှပေးသည်။ **(ဝဲပုံ)**

ကာကွယ်ဆေးထိုး

စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်သည့် မတ်၁၇ရက်ကမြို့ပေါ် ၂၅ရပ်ကွက်စုရပ် အသီးသီးတွင် ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံမှုများကို ဆောင်ရွက်ကြကြောင်း သိရသည်။ **(က-ပ)**

ပညာရေးစုံညီပွဲတော် ဟိုပန်မြို့နယ်တွင် ကျင်းပ

ဟိုပန် မတ် ၂၀

ကွမ်းလုံခရိုင် ဟိုပန်မြို့နယ်အခြေခံ ပညာအလယ်တန်းကျောင်း(ပန်ကောက်)၏ ၂၀၀၇ခုနှစ် ပညာရေးစုံညီပွဲတော်ကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက ကျေးရွာအားကစားကွင်း၌ ကျင်းပသည်။

ရည်ရွယ်ချက်

ပညာရေး စုံညီပွဲတော်တွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးမျိုးမြင့်ထွန်းက အမှာစကားပြောကြားပြီး ပန်ကောက်(အလက) ကျောင်းအုပ်ဆရာကြီး ဦးအောင်ဝင်းက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ပညာရေးစုံညီပွဲတော်သို့ နယ်မြေခံတပ်နယ်မှ အရာရှိ အရာခံများ၊ ပန်ကောက်ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပညာရေးမိသားစုများ၊ ယဉ်ကျေးမှုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဖျော်ဖြေတင်ဆက်

အခမ်းအနားအပြီးတွင်ပန်ကောက် ဒေသရှိ မူလတန်းကျောင်းများ၊ ပညာရေးမိသားစုများက အားကစားပြိုင်ပွဲများ ကျင်းပခြင်း၊ တိုင်းရင်းသား ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြခြင်းများ ကျင်းပကြသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

သတိပြုရန်

(က) **မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။**

(၁) **မူးယစ်သောက်စား ယာဉ်မမောင်းရ။**

(၂) **အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။**

(၃) **မော်တော်ယာဉ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ။**

(၄) **ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။**

(၅) **ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။**

(၆) **ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။**

(၇) **ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။**

(၈) **ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။**

(၉) **နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။**

(၁၀) **ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့် မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်း လုံးဝမပြုရ။**

(၁၁) **ပွန်းသံကင်းမဲ့ဖုန်များအတွင်း ဟွန်းလုံးဝမတီးရ။**

(ခ) **ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။**

(ဂ) **သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။**

(ဃ) **ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် ခေတ်မီပစ္စည်း ကိရိယာများဖြစ်သော CCTV Camera, Red Light Camera များတပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါ ကင်မရာများဖြင့် ရိုက်ကူးပြီး အရေးယူဆောင်ရွက်သွားပါမည်။**

(င) **"သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန်မညစ်နွမ်းပါစေနှင့်"**

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပ

ဖောင်းပြင် ဧပြီ ၁

နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို မတ် ၂၇ရက် မွန်းတည့် ၁၂နာရီက စစ်ကိုင်းတိုင်း မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ရွှေညောင်ပင်ကျေးရွာ အမကတွင် ကျင်းပရာ ကျေးရွာပြည်သူ ၅၀၀ကျော် တက်ရောက်ကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

ချောင်းဦးမြို့ စည်ပင်သာယာဈေးအတွင်း ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး ဆေးပက်ဖျန်း

ချောင်းဦး မတ် ၂၈

ချောင်းဦးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ပူးပေါင်း၍ မတ် ၁၅ရက် ညနေ ၅ နာရီက ချောင်းဦးမြို့ စည်ပင်သာယာဈေးအတွင်း၌ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးပက်ဖျန်းခြင်း လုပ်ငန်းကို ဆောင်ရွက်ရာ **(ယာပုံ)** ချောင်းဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးချစ်လွင်နှင့် မြို့နယ်အလုပ်အမှုဆောင်များ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးအရာရှိ ဒေါက်တာလှစိန်နှင့် ဒုတိယဦးစီးမှူး ဒေါက်တာသန်းဇော်ဦး၊ မြို့မစည်ပင်သာယာဈေး အုပ်ချုပ်ရေးမှူးဦးမြင့်စိုးတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပထမအကြိမ်ထွန်းဖောင်ဒေးရှင်း (၂၀၀၆) စာပေဆုချီးမြှင့်ပွဲ တက်ရောက်အမှာစကားပြောကြားပြီး ဆုရရှိသူအားဆုချီးမြှင့်

ရန်ကုန် ဧပြီ ၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စည်ပင်လမ်းရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ကျင်းပသည့် ပထမအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၀၆) စာပေဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရရှိသူအား ဆုချီးမြှင့်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ပထမအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၀၆) စာပေ ဆုချီးမြှင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ရှမ်းပြည်နယ်အတွင်း ဌာနဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၄

ပြန်ကြားရေးဝန်ကြီးဌာန ရှမ်းပြည်နယ် ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသစ်ရှေ့မှခ်ဦး၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဖြိုး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ တောင်ကြီးခရိုင်နှင့် ကလောမြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ■

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး စာကြည့်တိုက်တွင် ပြသထားသော နံရံကပ်စာစောင်များ၊ ဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိ၊ ပါတီတာဝန်များကို ဆက်လက်ဆောင်ရွက်လိုစိတ်မရှိ ဝက်လက်နှင့် စစ်ကိုင်းမြို့နယ်တို့မှ NLD ပါတီဝင်နှစ်ဦးဆန္ဒအလျောက်နုတ်ထွက်

ရန်ကုန် ဧပြီ ၄

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဟံလင်းကျေးရွာမှ ဦးဝင်းဗိုလ်သည် ဖေဖော်ဝါရီ ၂၆ ရက်တွင်လည်းကောင်း၊ စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ကိုင်းပြင်ကျေးရွာမှ ဦးမျိုးဝင်းသည် ဖေဖော်ဝါရီ ၂၈ ရက်တွင်လည်းကောင်း ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှနုတ်ထွက်ကြောင်း နုတ်ထွက်လွှာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် NLDပါတီအပေါ် စိတ်ဝင်စားမှုမရှိတော့သဖြင့်လည်းကောင်း၊ ပါတီတာဝန်များကို ဆက်လက်ဆောင်ရွက်လိုစိတ်မရှိတော့သဖြင့်လည်းကောင်း ၎င်း၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှနုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**